# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၆၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မက္ကဆီကိုသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၁**

မက္ကဆီကိုနိုင်ငံ သမ္မတသစ် မစ္စတာ ဖိလီပါ ကာဒရွန် အီနိုဟိုစာထံသို့ သမ္မတအဖြစ် စတင်တာဝန် ထမ်းဆောင်သည့် အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ် Colonel, Khamsy Vongkhamsao အား ယနေ့နံနက်၁၁နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယစစ်သံမှူး Capt. Xayasone Keonhothi တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူးများအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Yayat Hidayat နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Dedi Priatna Ariestadi တို့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်တို့တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ် Colonel, Khamsy Vongkhamsao အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန် ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး Colonel, Yayat Hidayat နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Dedi Priatna Ariestadi တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်)

# မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းဆောင်ရွက်နေ

နိုင်ငံတော်အစိုးရသည် ဖွံ့ဖြိုးမှုနောက်ကျနေသည့် နယ်စပ်ဒေသများကို ဖွံ့ဖြိုးတိုးတက်လာစေရန် ၁၉၈၉ ခုနှစ်မှစ၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်၏ စစ်မှန်သောစေတနာနှင့် မှန်ကန်သည့်လုပ်ရပ်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်လက်တွဲပြီး တက်ကြွစွာအကောင်အထည်ဖော်လျက်ရှိပြီ ဖြစ်သည်။

မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝ တိုးတက်ရေးနှင့်ဘိန်းစိုက် ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေးဟူသည့် မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းလား အထူးဒေသ(၄)သည် ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်၌ ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့ပြီး ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်တစ်ခုကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ကိုးကန့်အထူးဒေသ(၁)၌ ကိုးကန့်ဒေသ မူးယစ်ဆေးဝါးပပျောက်ရေးပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ကိုးကန့်အထူးဒေသ(၁)၌ တရားမဝင် ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်က စတင်ရပ်ဆိုင်းခဲ့ပြီး အစားထိုးဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသား ခေါင်းဆောင်များက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်သည် လူသားအားလုံးအတွက် ကြီးမားသောခြိမ်းခြောက်မှု တစ်ခုဖြစ်သည်ဆိုသည်ကို အလေးအနက်ယုံကြည်ခံယူထားပြီး မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှု ချုပ်ငြိမ်းပပျောက်ရေး ဦးတည်ချက်ဖြင့် ၁၉၉၉ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကြီးတစ်ခုလုံးအတွက် မြန်မာကျပ်ငွေ ၃၃၅၈၈ သန်းကျော် အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျခံ သုံးစွဲမည်ဖြစ်သည်။ ယင်းစီမံကိန်းကြီးအတွက် မည်သည့်နိုင်ငံကမျှ ထိရောက်သည့် အထောက်အပံ့များ မရသော်လည်း နိုင်ငံတော် ကိုယ်ပိုင်စွမ်းအားအရင်းအမြစ်နှင့် ကိုယ်ပိုင်သယံဇာတများကို အခြေခံပြီး အမျိုးသားရေးတာဝန်အဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဗီယက်နမ်နှင့်သီရိလင်္ကာ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်မည်

ဟန္နိုင်း နိုဝင်ဘာ ၃၀

**ဗီယက်နမ်နှင့် သီရိလင်္ကာနိုင်ငံတို့သည် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်။ အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးတို့ပါဝင်ကြောင်း ယင်းထိပ်တန်းခေါင်းဆောင်နှစ်ဦးက ဟန္နိုင်းမြို့၌ နိုဝင်ဘာ၂၈ရက်က ပြောကြားလိုက်သည်။**

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်းနှင့် ဗီယက်နမ်၌ အလည်အပတ် ရောက်ရှိနေသော သီရိလင်္ကာဝန်ကြီးချုပ် ရက်နာဆီရီစစ် ကရာမာနာယာကတို့သည် စိုက်ပျိုးရေးဆိုင်ရာ သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီက ဖော်ပြသည်။

**အစီအမံ**

စာစာပိုင်းက ယင်းခေါင်းဆောင် နှစ်ဦးသည် အထက်ဖော်ပြပါ ကဏ္ဍများကို ထိရောက်စွာ ပူးပေါင်းဆောက်ရွက်ရေး အစီအမံများ အခိုင်အမာချမှတ် ဆောင်ရွက်ရန် ဆွေးနွေးခဲ့သည်။

**ပထမဆုံး**

အဆိုပါ သီရိလင်္ကာဝန်ကြီးချုပ်သည် ၁၉၇၀ ပြည့်နှစ်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက် သီရိလင်္ကာဝန်ကြီးချုပ်အနေဖြင့် ပထမဆုံး လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

၎င်းသီရိလင်္ကာဝန်ကြီးချုပ်သည် နိုဝင်ဘာ ၂၆ ရက်မှစ၍ ဗီယက်နမ်သို့ လေးရက်ကြာခရီးအဖြစ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# စင်ကာပူမှ ကူမင်းအကြား ရထားလမ်း ၂၀၁၅ ခုနှစ်တွင် ပြီးစီးမည်

**ကွာလာလမ်ပူ နိုဝင်ဘာ ၃၀**

အာရှဖြတ် ရထားလမ်း တည်ဆောက်မှုသည် ၂၀၁၅ ခုနှစ်တွင် ပြီးစီးလိမ့်မည်ဖြစ်ကြောင်း မလေးရှား ပို့ဆောင်ရေးဝန်ကြီး ချန်ကောင်ချိုင်းက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

စင်ကာပူ-ကူမင်း ဆက်သွယ်ထားသော ရထားလမ်းသည် စင်ကာပူမှ စတင်ပြီး တရုတ်နိုင်ငံ ကူမင်းသို့ မရောက်မီ မလေးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာနှင့် လာအိုနိုင်ငံများသို့ ဖြတ်သန်းသွားမည်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ ပွိုင်ပက်နှင့် ဆစ်ဆိုဖုန်အကြား ဆက်သွယ်ထားသော ရထားလမ်းမှာ ပျက်စီးနေ၍ လာမည့်နှစ်တွင် စတင်တည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းလမ်းကြောင်းအတွက် မလေးရှားက သံလမ်းများလှူဒါန်းထားကြောင်း၊ ထိုအတောအတွင်း ယင်းလမ်းတည်ဆောက်ရန် အေဒီဘီက ဆောက်လုပ်ရေးအတွက် လိုအပ်သောငွေကြေးများ ကူညီမည်ဖြစ်သည်။

(၂၈) ကြိမ်မြောက် အာဆီယံရထားလမ်း စီအီးအို ဆွေးနွေးပွဲကို ကွာလာလမ်ပူ၌ ကျင်းပစဉ်အပြီး ချန်က သတင်းထောက်များအား ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဒို့ကျေးရွာဂျာနယ်
## အတွဲ ၃၊ အမှတ် ၂၃ ထွက်ပြီ

**ရန်ကုန် နိုဝင်ဘာ ၃၀**

နတ်တော်လ ဓနုရာသီအခါသည် သဇင်ပန်း၊ ဂမုန်းပန်းရနံ့များ သင်းပျံ့လျက်ရှိသော အချိန်ဖြစ်သည်။ သင်းပျံ့သောရာသီ ပန်းရနံ့တို့နှင့်အတူ ကျေးလက်ပြည်သူတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို ဖော်ပြပေးသည့် ဒို့ကျေးရွာဂျာနယ် အတွဲ ၃၊ အမှတ် ၂၃ ကို ယနေ့ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အောက်ဝဲပုံ)**

ယခုအပတ်ဂျာနယ်တွင် ပြည်ပဝင်ငွေရရှိဖို့ ကြက်သွန်ဖြူတိုးချဲ့စိုက်ကြစို့၊ အကြမ်းခံအထွက်ကောင်း စပါးမျိုးသစ်များတီထွင်၊ ခြစည်ရိုးကြက်ဆူမျှော်မှန်းအထွက်နှုန်းရရှိရန်၊ အချိန်အခါမဟုတ် မိုးကြောင့် သီးနှံများမပျက်စီးစေရန်၊ မင်းတုန်းမင်း၏ စပါးအထွက်တိုးရေး ကြိုးပမ်းမှု၊ သက်ရင်းကြီးပင်၏ ဆေးအသုံးဝင်ပုံ၊ လောကပြတင်း၊ မစဉ်းမစားကိုဒင်္ဂါး၊ အိမ်မှာလည်းလုဝင်ငွေလည်းရတဲ့ အလှမွေးရေချိုငါး၊ မွေးမြူလွယ် ငွေပေါ်လွယ် မျိုးထပ်မဝယ်ရတဲ့ငါး၊ မြန်မာတို့ချစ်တဲ့ကိုရီးယားမင်းသားစသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် ကျေးလက်ပြည်သူတို့၏ ပြည်သူတို့၏ ဗဟုသုတဖြစ်ဖွယ်ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းစသည်ဖြင့် သုတ၊ ရသ စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာ ဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊၃၇၁၃၄၂သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**



## မြဝတီရုပ်မြင်သံကြား

**၁-၁၂-၂၀၀၆**
**(သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း-၆) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်သံကြား ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း-၁၂) |

# ကံထူးဓမ္မရိပ်သာ တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဝိပဿနာတရားစခန်းပွဲကို ဒီဇင်ဘာ ၈ရက်(သောကြာနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ရာ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝါယမ၊ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တနန္ဒသာရနှင့် ဘဒ္ဒန္တ ပညာဒီပတို့က ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ယောဂီများအား ဟောကြားပြသတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၁၂-၂၀၀၆ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | Myanmar Video Rhythm |
| ၇း၅၅ | တေးဂီတအစီအစဉ် |
| ၈း၀၀ | ဂုဏ်ယူစရာ မြန်မာ့လက်မှုအနုလက်ရာ ကနုတမာ |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | ကိုယ်ဝန်ဆောင်မိခင်နှင့် HIV/ AIDS ရောဂါ (ဒေါက်တာ-ချစ်စိုး) |
| ၈း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၅ | Miss Royal Gold Soap 2006 |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | လေ့ကားသုံးထစ် ဆင်းတဲ့အခါ (အရိုင်း၊မင်းသူ၊အေးသီတာ) [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)] |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | ကာဗွန်ဒိုင်အောက်ဆိုဒ် အခဲရေခဲခြောက် |
| ၁၀း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၀ | Celebrity Style(ဖြိုးငွေစိုးနှင့် တွေ့ဆုံခြင်း) |
| ၁၀း၅၀ | မိုးလေဝသ ခန့်မှန်းချက် |
| ၁၀း၅၅ | လမ်းညွှန်ကာ သတင်းကောင်းပေးသင့်ကျန်းမာရေး |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၅ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ(စိမ်းချိုသရက်သီး) |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ | ဗိုလ်မြတ်ထွန်းတံတား |
| ၁၁း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## လက်ခံတွေ့ဆုံ



နိုဝင်ဘာ ၃၀ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးအသစ် **Colonel, Khamsy Vongkhamsao** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

နိုဝင်ဘာ ၃၀ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူး **Colonel, Yayat Hidayat** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



နိုဝင်ဘာ ၃၀ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် **Colonel, Dedi Priatna Ariestadi** အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)



# သရက်ဘိလပ်မြေစက်ရုံ မီးထိုးဆီအစား သဘာဝဓာတ်ငွေ့အသုံးချနိုင် ကုန်ထုတ်လုပ်မှုစရိတ်သက်သာပြီး အရည်အသွေး ပိုမိုကောင်းမွန်လာ

ရန်ကုန် နိုဝင်ဘာ ၃၀

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း သရက်မြို့နယ် ပြရည်ရွာအနီးရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ပြရည်(မြောက်)တွင်းသစ် အမှတ်(၂)သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုအခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီးအား ရှင်းလင်းဆောင်တွင် လက်ထောက် အင်ဂျင်နီယာချုပ် (တူးဖော်ရေး) ဦးမြင့်လွင်က လက်ရှိ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး (ရေနံရှာဖွေရေးနှင့် ဖွံ့ဖြိုးရေး)က ပြရည်(မြောက်)ဒေသ၏ သဘာဝဓာတ်ငွေ့ ခိုအောင်းနေမှုနှင့် တွင်းသစ်များ ဆက်လက်တူးဖော်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးက နောက်ထပ်တူးဖော်မည့် သဘာဝဓာတ်ငွေ့ တွင်းသစ်များကို သတ်မှတ်ရက်အတွင်း အချိန်မီ ပြီးစီးရန်နှင့် အမြန်ဆုံး တူးဖော်ထုတ်လုပ်သွားရန် မှာကြားပြီး စက်ယန္တရား ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးသည် တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး တွင်းသစ်အမှတ်(၂)မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့မီးရှို့စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် တွင်းသစ်အမှတ်(၂)၏ အရှေ့ဘက် ပေ ၂၀၀၀ အကွာရှိ အစမ်းတွင်းသစ် အမှတ်(၃) တူးဖော်ရန်မြေနေရာ ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းရှိ သဘာဝဓာတ်ငွေ့ဖြင့် လည်ပတ်နေသော အမှတ်(၃) မီးသင်းဖိုကိုလည်းကောင်း၊ သဘာဝဓာတ်ငွေ့နှင့် မီးထိုးလောင်စာဆီ ရောစပ်လည်ပတ်သော အမှတ်(၁) မီးသင်းဖိုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ စွမ်းအင်ဝန်ကြီးဌာနမှ သရက်ဘိလပ်မြေ စက်ရုံအတွက် ပံ့ပိုးပေးရမည့် သွင်းအားစုများနှင့် ပတ်သက်၍ ညှိနှိုင်းပံ့ပိုးပေးသည်။

မြန်မာ့ရေနံနှင့် သဘာဓာတ်ငွေ့လုပ်ငန်း၏ အသစ်ထပ်မံတွေ့ရှိသည့် ပြရည်(မြောက်)ဒေသမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များကို အမှတ်(၁) စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံသို့ ပိုက်လိုင်းဖြင့် ပို့လွှတ် အသုံးပြုစေလျက်ရှိရာ စက်ရုံသုံး မီးထိုးဆီအစား သဘာဝဓာတ်ငွေ့ကို အသုံးချနိုင်သဖြင့် ကုန်ထုတ်လုပ်မှုစရိတ်သက်သာပြီး ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်လာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ သရက်ဘိလပ်မြေစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

# ၂၀၀၆ခုနှစ် ဒီဇင်ဘာလပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် နိုဝင်ဘာ ၃၀

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ဘင်္ဂလားပင်လယ်အော်၌ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

### မိုးအခြေအနေ

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့၌ သုံးရက်မှ ငါးရက်ခန့် နေရာကွက်ကျား မိုးရွာနိုင်သည်။

### ညအပူချိန်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်မြဲအောက်လျော့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ ဖြစ်မြဲခန့် ရှိနိုင်သည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့၌ ၄၅ စင်တီမီတာ(တစ်ပေခွဲခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် စင်တီမီတာ ၆၀(နှစ်ပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် စင်တီမီတာ ၉၀(သုံးပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၄၅စင်တီမီတာ(တစ်ပေခွဲခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ စင်တီမီတာ၆၀ (နှစ်ပေခန့်)လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိ အဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊တနင်္သာရီတိုင်း၊ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာန အသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသား အဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး(DKBA)၊ ပဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့်သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များတက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊အသိပညာရှင်၊အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင်စာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ် (ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်ကြီး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာ မောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခနှင့် အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဒေါက်တာ မနန်းတူးဂျာ တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၆ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များ ဖြစ်ကြသော ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးတင်ဝင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊ မကွေးတိုင်း မင်းဘူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှစိုး၊ ရန်ကုန်တိုင်း တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးတင်ထွန်းမောင်တို့၏ အကြံပြုချက် စာတမ်းများကို အခန်းကဏ္ဍအလိုက် ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ရွေးကောက်တင်မြှောက်ခြင်း အခန်းနှင့် စပ်လျဉ်း၍ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးကြည်ဝင်းကလည်းကောင်း၊ နိုင်ငံရေးပါတီများအခန်းနှင့် စပ်လျဉ်း၍ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ထွန်းမောင်က လည်းကောင်း ဖတ်ကြားတင်ပြကြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ၅ မိနစ်တွင် ခေတ္တရပ်နားသည်။

**(၎င်းတို့၏ ဖတ်ကြားတင်ပြချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။)**

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများ အခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ဧရာဝတီတိုင်း ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးတင်ဝင်း၊ မကွေးတိုင်း မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးလှစိုးနှင့်တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးသိမ်းကြည်တို့က အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြကြသည်။

**(၎င်းတို့၏ ဖတ်ကြားတင်ပြချက် စာတမ်းများကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။)**

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ၁ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်ဇောဓိ ဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ အမှတ်(၂၀)ရပ်ကွက်ရှိ အောင်ဇောဓိဆုတောင်းပြည့်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၂ ရက်မှ ၅ရက်အထိ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ရက် ညနေ ၄ နာရီ၌ ပင့်သံဃာ ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး ည၇နာရီခွဲတွင် မဟာဓမ္မကထိက ဗဟုဇနဟိတရေ ရွှေပြည်ဟိန်းဆရာတော် ဘဒ္ဒန္တ ခေမာသိရီလင်္ကာရကလည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်ည၇နာရီခွဲတွင် ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော်ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသကလည်းကောင်း၊ ဒီဇင်ဘာ ၇ ရက် ည၇နာရီခွဲတွင် တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ယောဆရာတော်ဘဒ္ဒန္တ သီရိန္ဒာဘိဝံသကလည်းကောင်း တရားတော်များဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

အလှူငွေနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါကမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း– ၅၉၀၀၆၅၊ ဂေါပကအဖွဲ့ ဖုန်း–၇၀၇၂၂၂၊ ၇၀၇၆၃၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ၃၀ရက်တွင် ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိမ်းကြည်၊မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့၏ အကြံပြုချက်စာတမ်းများကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။ **(သတင်းစဉ်)**

# သန်လျင်မိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်း သန်လျင်မြို့ အမှတ် ၂၄ သိပ္ပံလမ်း အုပ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ် ၁၂၆၏ (၆၉)ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကြီးကို နတ်တော်လပြည့်ကျော် ၁၁ ရက်မှ ပြာသိုလဆန်း ၃ ရက် (ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ရက်အထိ) ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ပြည်ဆရာတော် ဦးဓမ္မောသစ (သာသနဓဇ ဓမ္မာစရိယ) နှင့် စမ်းချောင်းမဏိရတနာကျောင်းမှ ဦးသုဇာတ (ဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဖုန်း– ဝ၅၆–၂၁၃၈၈၊ ၂၁၄၇၈၊ ၂၁၆၉၈၊ ၂၁၆၅၀၊ ၂၁၂၂၇ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# ကိုယ်ချင်းစာတရား ခေါ်င်းပါးသူသို့

* နျူကလီးယား၊ စံနှစ်မျိုးထားကာ
ကမ္ဘာတစ်လွှား၊ ခြယ်လှယ်ကစားတာ
မျှတပါသလား။

* ကိုး၊ ဆယ့်တစ်ဒဏ်၊ လက်တုံ့ပြန်လျက်
အာဖဂန်၊ အီရတ်၊ ပြည်ဝင်ဖျက်တာ
လုပ်ရက် မတရား။

* ခေါင်းစဉ်တပ်ထား၊ အကြမ်းဖက်များ
ပြာပုံဖြစ်သွား၊ လမ်းတံတား
ဆိုးကျိုးခံစား၊ ပြည်သူများ။

* လိုလျှင်တစ်မျိုး၊ မလိုတစ်မျိုးဖြင့်
ယိုးမယ်ဖွဲ့ကစား၊ အင်အားသုံးတာ
သင်တို့ ထုံးလား။

* လူ့အခွင့်အရေး၊ ကြော်သံပေးလို့
ပြည်ပြေး၊ ဝရမ်းပြေး၊ အားကူပေးလို့
မြန်မာ့အရေး၊ အလေးပေးသယောင်
အမှောင်နက်တွင်း၊ သက်ဆင်းစေတာ
သင့် စေတနာလား။

* ကိုယ်ချင်းစာတရား၊ လားလားမျှမရှိ
တွေ့သိမြင်သမျှ၊ မစ္ဆရိယပွား
ရန်စတွန်းတိုက်၊ ဆိုးစရိုက်ဖြင့်
မိုက်တွင်းနက်သူပါတကား။ ။

ရဲရင့်သွေး(ဥပဒေ)

# ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိ




ရန်ကုန် နိုဝင်ဘာ ၃၀

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာရှီး ဖတ်ကြားတင်ပြသည့် လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်သည်–**

လေးစားအပ်သော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံသို့ တက်ရောက်လာကြသော တိုင်းရင်းသားအလွှာပေါင်းစုံအသီးသီးမှညီလာခံကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံခညောင်းကြပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးကျာရှီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်အပေါ် မိမိတို့ပါတီ၏ သဘောထားအမြင်ကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် အောက်တိုဘာလ ၃၀ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ရွေးကောက်တင်မြှောက်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမည့် မူများနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့သော် လည်းကောင်း၊ ယင်းတို့ကျင့်သုံးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ဆက်စပ်ဆက်နွယ်မှုရှိသည့်အတွက်သော်လည်းကောင်း၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ မိမိတို့နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေမှုရှိမှာဖြစ်သည့်အတွက် စုစည်းသုံးသပ် တင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်သည့် အချက်များ ဖြစ်သည့်–

လွှတ်တော်များသို့ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင်–

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက်(၁၈)နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ရွေးကောက်ပွဲတစ်ရပ်၌ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲတစ်မဲသာ ပေးပိုင်ခွင့်ရှိသည်။

(ဂ) ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင်လည်း ဆန္ဒမဲပေးပိုင်ခွင့် ရှိသည်။

(ဃ) လျှို့ဝှက်ဆန္ဒမဲပေးခြင်းစနစ်ကို ကျင့်သုံးရမည်။

အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရ–

(က) သာသနာ့ ဝန်ထမ်းများ၊

(ခ) ထောင်ဒဏ်ကျခံနေရသူများ၊

(ဂ) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊

(ဃ) လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊

(င) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ။

လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲတစ်ရပ်တွင်–

(က) လွှတ်တော်တစ်ရပ်အတွက်သာ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ခ) မဲဆန္ဒနယ်တစ်နယ်တွင်သာ ရွေးကောက်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။

"ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍"

(က) ပြည်ထောင်စုနယ်မြေ၊ သို့မဟုတ် ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ထားသော ပြည်ထောင်စုနယ်မြေများအတွင်း မှီတင်းနေထိုင်ကြသော မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုသာ ရွေးကောက်တင်မြှောက်ခွင့် ရှိသည်။

(ခ) ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်လိုက်သော နယ်မြေတစ်ခုခုမှ ရွေးကောက်တင်မြှောက်ထားသည့် တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သည် ဥပဒေတွင် သီးခြားခွင့်ပြုထားခြင်းမရှိလျှင် ယင်းလွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ။

**ဖတ်ကြား**

**လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက် စာတမ်းကို လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာရှီး ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)



"ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များအရသော်လည်းကောင်း အရည်အချင်းပျက်ယွင်းသူမဟုတ်ပါက နိုင်ငံသားတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်သို့ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသည်"လို့ အသေးစိတ်အခြေခံရမည့် မူအဖြစ် ချမှတ်ထားတာဟာ ပြီးပြည့်စုံပြီးဖြစ်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကို ၁၉၇၅ခုနှစ် ပြဋ္ဌာန်းချက်အရသော်လည်းကောင်း ကျယ်ပြန့်ပြည့်စုံစွာ စုစည်းတင်ပြ ရှင်းလင်းပြောကြားထားတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် စုစည်းတင်ပြချက်များဖြစ်သော ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းနဲ့စပ်လျဉ်းပြီး ချမှတ်ထားသည့် အမှတ်စဉ် ၆၊ အပိုဒ်(က) မှ (င) အထိကို အခြေခံမူများအဖြစ် ချမှတ်သင့်ကြောင်း၊ ဒါ့အပြင် ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းတို့နဲ့ စပ်လျဉ်းပြီး "ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမည်" ဟု အခြေခံရမည့်မူအဖြစ် ချမှတ်ထားတာဟာ လျော်ကန်သင့်မြတ်ပါကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းခြင်းနဲ့စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်လို့ အမျိုးသားညီလာခံက အခြေခံမူ ချမှတ်ခဲ့ပါတယ်။ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ဥပဒေကို အကောင်အထည်ဖော်ပေးဖို့ အဖွဲ့အစည်းတစ်ရပ်လည်း လိုအပ်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို အကောင်အထည်ဖော်ပေးနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ် ဖွဲ့စည်းပေးရမှာ ဖြစ်ပါတယ်။ အဲဒီကိစ္စနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ရှေးယခင်အဆက်ဆက် မိမိတို့နိုင်ငံမှာ ကျင့်သုံးဆောင်ရွက်ခဲ့ဖူးသော ပြဋ္ဌာန်းချက်များ၊ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ နိုင်ငံအချို့တို့၏ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သော်လည်းကောင်း၊ ချိုင့်သုံးသပ် စုစည်းတင်ပြသွားတာ လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းနဲ့ စပ်လျဉ်းပြီး အမှတ်စဉ် ၈၊ အပိုဒ်(က)နှင့်အပိုဒ်(ခ)၊ အပိုဒ်ခွဲ(၁)မှ (၉)အထိကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ထားတာဟာ လျော်ကန်သင့်မြတ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက် အမှတ်စဉ် ၉၊ အပိုဒ်(က)မှ အပိုဒ်(ဈ)ထိ အချက်အလက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပါသဖြင့် အခြေခံမူတစ်ရပ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်းပြီး "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ်၊ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးကို စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်"လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်သည် ပြီးပြည့်စုံပြီးဖြစ်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ နုတ်ထွက်ခြင်းနဲ့စပ်လျဉ်းပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များဟာ တာဝန်ထမ်းဆောင်နေစဉ် ကျန်းမာရေးအခြေအနေအရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ပြုသင့်ပါတယ်။

ဒါ့ကြောင့် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ သို့မဟုတ် အဖွဲ့ဝင်သည် ရာထူးတာဝန်ထမ်းဆောင်နေစဉ် အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။" "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအသစ်၊ သို့မဟုတ် အဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။" "နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်" ဟု အသေးစိတ်အခြေခံရမည့် မူအဖြစ်ချမှတ်ထားတာဟာ လျော်ကန်သင့်မြတ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်များ အပြီးအပြတ်အတည်ဖြစ်စေရေးနဲ့ စပ်လျဉ်းပြီး–

အောက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

(က) ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများ၊ ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရဆောင်ရွက်သောကိစ္စရပ်များ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် အဆင့်သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး–

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။"

"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အခါ မီငြမ်းပြုနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်၊ ကော်မရှင်အဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်"ဟု လည်းကောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ်အခြေခံရမည့်မူအဖြစ် သတ်မှတ်ထားခြင်းဟာ ကျိုးကြောင်းဆီလျော်မှုရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်သူများ၊ အလုပ်လုပ်ကိုင်သူများနှင့် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်သူများရဲ့ နိုင်ငံခြားမှာ နေထိုင်ခဲ့တဲ့ကာလကို ရှင်းလင်းထားခြင်းမရှိပါက နောင်တစ်ချိန်တွင် အငြင်းပွားမှုများ ဖြစ်ပွားနိုင်ဖွယ်ရာ ရှိပါတယ်။ ယခုအခါ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိတာကြောင့် နိုင်ငံသားအတော်များများဟာ နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ သွားရောက်တာဝန်ထမ်းဆောင်ခြင်း၊ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စဖြင့် သွားရောက်ခြင်းများ ရှိနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေရဲ့ နိုင်ငံခြားမှာ နေထိုင်တဲ့ကာလကိုလဲ နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် သတ်မှတ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

"ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည့် အချိန်နှင့်တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး (၁၀)နှစ် အခြေချနေထိုင်ခဲ့သူ"

ဟု ချမှတ်ပေးထားတဲ့ အသေးစိတ်အခြေခံရမယ့် မူအောက်တွင် ခြွင်းချက်အဖြစ်–

"နိုင်ငံတော်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့် ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်" လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ဖြည့်စွက်ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်လို့ အမျိုးသားညီလာခံက နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ပါတယ်။ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်ထွန်းကားရေး၊ နိုင်ငံသားများကို မှန်ကန်စွာဦးဆောင်ပေးနိုင်မည့် နိုင်ငံရေးပါတီပေါ်ပေါက်ရေးအတွက် နိုင်ငံရေးပါတီများကို စနစ်

စာမျက်နှာ ၆ ကော်လံ ၁

# နိုင်ငံရေးပါတီတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်

စာမျက်နှာ ၅ မှအဆက်

တကျဖွဲ့စည်းနိုင်ဖို့ ဥပဒေပြဋ္ဌာန်းထားသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့်ရှိခဲ့ရာမှ ကိုလိုနီနယ်ချဲ့များနဲ့ ၁၈၂၄ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ခုနှစ်တွင် တစ်ကြိမ် စစ်မက်ဖြစ်ပွားပြီးနောက် ကိုလိုနီနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အဲဒီနောက် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သော်လည်း ကိုလိုနီနယ်ချဲ့များရဲ့ ပယောဂကြောင့် သောင်းကျန်းမှုအန္တရာယ် အသွယ်သွယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် တပ်မတော်က နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်းပေးခဲ့ရပါတယ်။ ဒါ့အပြင် ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့်အခြေအနေနဲ့ ကြုံတွေ့လာတဲ့အခါတိုင်း တပ်မတော်က အကြိမ်ကြိမ်ကာကွယ်ထိန်းသိမ်းပေးခဲ့ရတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ကိုလိုနီနယ်ချဲ့လက်သစ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ယင်းတို့ရဲ့ သြဇာခံဖြစ်ရေးအတွက် နည်းမျိုးစုံဖြင့် တိုင်းပြည်ပြိုကွဲအောင် ကြိုးပမ်းနေကြပါတယ်။ ဒါကြောင့် တိုင်းပြည်အန္တရာယ် ကာကွယ်ဖို့ နိုင်ငံသားတိုင်းဟာ နိုင်ငံသားအသိရှိရှိဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ထားဖို့ လိုအပ်သလို နိုင်ငံရေးပါတီများအနေနဲ့လည်း ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့်–

**"နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်"**

လို့ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာနိုင်ငံတွင် ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်များကို သင်ခန်းစာယူပြီး နောင်တွင် မိမိတို့နိုင်ငံ၌ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ၏ အရည်အချင်းများနဲ့စပ်လျဉ်း၍ သင့်တော်မယ့် အခြေခံမူများ ချမှတ်သင့်ကြောင်း သုံးသပ်ပါတယ်။ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမယ့်အပြင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ထားရှိဖို့လည်း လိုအပ်ပါတယ်။

ဒါကြောင့်–

**"နိုင်ငံရေးပါတီတစ်ရပ်သည်–**

**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**

**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်"**

လို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

ပါတီစုံဒီမိုကရေစီ၏အနှစ်သာရကို မပျက်စေဘဲ နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဥပဒေနဲ့အညီ နိုင်ငံတော်အတွင်း နိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်ရှိမှာဖြစ်သလို နိုင်ငံတော်အတွင်း၌ ကျင်းပသော ရွေးကောက်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။

ဒါကြောင့်–

**"နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ–**

**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**

**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"**

လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း သုံးသပ်ပါသည်။

နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်းနဲ့ စပ်လျဉ်းပြီး–

**၁။ "နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်း တစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ–**

**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**

**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း၊ သို့မဟုတ် အားပေးကူညီခြင်း၊**

**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ၊ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု၊ သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**

**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**

**၂။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အထက်အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်"**

လို့ အသေးစိတ်အခြေခံရမည့်မူနှင့်စပ်လျဉ်းလို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းတင်ပြထားသည်ကို လေ့လာတွေ့ရှိရပါတယ်။ ကျိုးကြောင်းဆီလျော်မှုရှိသဖြင့် အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးပါတီများဟာ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်အလိုက်သော်လည်းကောင်း၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုပေးနိုင်တဲ့ နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဲဒီလို ဦးဆောင်ဦးရွက်ပြုတဲ့အခါ အမျိုးမျိုးအဖုံဖုံ မဖြစ်ရလေအောင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်–

**"ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးအကြံပြု တင်ပြသွားမှာ ဖြစ်ပါတယ်။ အရေးပေါ်အခြေအနေကြေညာခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များကို လေ့လာရာတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာနိုင်တဲ့ အခွင့်အာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါပေမယ့် အဲဒီအခွင့်အာဏာကို အပ်နှင်းရာမှာလည်း နိုင်ငံတော်သမ္မတက ဒီအခွင့်အာဏာကို လွတ်လပ်စွာ အပြီးအပြတ်ကျင့်သုံးနိုင်တဲ့ သဘောမျိုး အပ်နှင်းထားတာမဟုတ်ဘဲ သက်ဆိုင်ရာဥပဒေပြု အဖွဲ့အစည်းများထံ မိမိရဲ့ဆောင်ရွက်ချက်ကို တင်ပြအတည်ပြုချက် ရယူကြတာကို လေ့လာတွေ့ရှိရပါတယ်။ စစ်ဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ ပြည်ပကျူးကျော်မှုကြောင့်ဖြစ်စေ၊ လက်နက်ကိုင်သောင်းကျန်းမှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ စီးပွားရေးကြောင့်ဖြစ်စေ၊ နိုင်ငံတော်၊ သို့မဟုတ် နိုင်ငံအစိတ်အပိုင်းတစ်ရပ်ရပ်ရဲ့ လုံခြုံရေးကို အန္တရာယ်ပြုမယ့် စိုးရိမ်ဖွယ်ရာဖြစ်တဲ့ အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်နေရင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်နိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေ မကြေညာမီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီးမှ ကြေညာသင့်တယ်ဆိုတဲ့အချက်ကိုလဲ ထည့်သွင်းချမှတ်သင့်ပါတယ်။ အဲဒီလို ကြိုတင်ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတဟာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်လျက်အရေးပေါ်အခြေအနေကြေညာခြင်းဟာ ပိုမိုထိရောက် အကျိုးဖြစ်ထွန်းမှု ရှိမှာဖြစ်ပါတယ်။

ဒါ့ကြောင့် တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာခြင်းနဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ထားတာဟာ ကျိုးကြောင်းဆီလျော်မှုရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နယ်မြေဒေသ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားလာပါက နိုင်ငံတော်သမ္မတဟာ နယ်မြေဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး အုပ်ချုပ်ရေးပုံမှန်ဖြစ်လာအောင် အထူးကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီလို လုပ်ဆောင်ရာတွင် နိုင်ငံတော်သမ္မတဟာ တစ်ဦးတည်း လုပ်ဆောင်ခြင်းထက် မိမိကိုယ်စား သင့်လျော်တဲ့ပုဂ္ဂိုလ်တစ်ဦးဦးအား လုပ်ပိုင်ခွင့် အပ်နှင်းပြီး ဆောင်ရွက်ပါက အုပ်ချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အရေးပေါ်အခြေအနေကြေညာထားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာတို့ကို သုံးစွဲဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏ တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အခြေအနေမျိုးပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာခြင်းနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့သော်လည်းကောင်း၊ မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေရှိမှာဖြစ်တဲ့အတွက် အခြေခံမူတစ်ရပ် ချမှတ်သင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ရဲ့ကူညီမှု၊ နယ်ဘက်ဆိုင်ရာ အာဏာပိုင်ဝန်ထမ်း အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်ပေမယ့် လုပ်ငန်းဆောင်ရွက်မှုတွေဟာ ထိရောက်မှုမရှိ ဖြစ်နေမယ်ဆိုရင် ကျရောက်နေတဲ့ ဘေးအန္တရာယ်တွေဟာ လျော့ပါးမှုမရှိပါက ဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးနိုင်ဖို့အတွက် စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ် ထုတ်ပြန် ဆောင်ရွက်နိုင်ဖို့ အသေးစိတ်အခြေခံမူတစ်ရပ် ချမှတ်သင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့် အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း တပ်မတော်၏ ကူညီစောင့်ရှောက်မှုကို ရယူဆောင်ရွက်ခြင်း၊ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာခြင်း၊ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာခြင်း၊ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း၊ သို့မဟုတ် ရပ်ဆိုင်းခြင်း၊ နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်ပြီး ကြေညာခဲ့တဲ့ အရေးပေါ်အခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရေး စသည်တို့နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း ထုတ်နုတ်ပြီး ရေးသားတင်ပြထားတဲ့ အကြောင်းအရာ အချက်အလက်များဖြစ်တဲ့အလျောက် နောင်ဖြစ်ပေါ်လာမည့် မိမိတို့နိုင်ငံနဲ့ လိုက်လျောညီထွေမှုရှိမှာဖြစ်တဲ့အတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟုလည်းကောင်း၊ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာ တည်သောအမိန့်ကို လိုအပ်သော ကာလအပိုင်းအခြားအထိ ဆက်လက်အတည် ဖြစ်စေနိုင်သည်ဟု ချမှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီလိုချမှတ်ထားမှုသာ ဆက်စပ်မှုရှိပြီး လိုက်လျောညီထွေဖြစ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတက ထုတ်ပြန်တဲ့ အရေးပေါ်အခြေအနေကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အာဏာတည်ခြင်း၊ ကုန်ဆုံးခြင်း၊ ရပ်စဲခြင်း၊ နိုင်ငံတော်ရဲ့အုပ်ချုပ်မှုအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစတဲ့ အဓမ္မနည်းဖြင့် ရယူဖို့ဆောင်ရွက်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်းကြောင့် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးတော့မယ့် အခြေအနေမျိုးပေါ်ပေါက်ရင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာခြင်း စသည်တို့နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ပြည့်စုံစွာ သုံးသပ်တင်ပြရှင်းလင်းပြီး ချမှတ်ထားတဲ့ အခြေခံမူတွေဟာ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

နိုင်ငံတော်မှာ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးမှု မရှိရလေအောင် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေသင့်ပါတယ်။ နိုင်ငံအချို့မှာလည်း ဒီလိုအရေးပေါ်အခြေအနေမျိုးပေါ်ပေါက်လာရင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အာဏာလွှဲအပ်တာတွေကို တွေ့ရှိရပါတယ်။ ဤကဲ့သို့ အချိန်မီလွှဲအပ်နိုင်ပါက နိုင်ငံတော်တွင် ဖြစ်ပေါ်နေတဲ့ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုတွေကို အချိန်မီနှိမ်နင်းနိုင်ပြီး နိုင်ငံတော်ဟာ တည်ငြိမ်အေးချမ်းမှုရရှိပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမယ့် ဘေးအန္တရာယ်မှ ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာကို လွှဲအပ်ဆောင်ရွက်စေရေးနဲ့စပ်လျဉ်း၍ ချမှတ်ထားတဲ့ အခြေခံမူများဟာ ကျိုးကြောင်းဆီလျော်မှုရှိပါသဖြင့် အသေးစိတ်အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာနိုင်ငံရဲ့သမိုင်းစဉ်တစ်လျှောက်ကို လေ့လာကြည့်ရင် နိုင်ငံရဲ့ လွတ်လပ်ရေး ဆုံးရှုံးတော့မယ့်အရေး၊ ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အရေးကြုံလာတိုင်း တပ်မတော်သာ မားမားမတ်မတ်ရပ်တည်ပြီး နိုင်ငံတော်ရဲ့ အာဏာကို ရယူကျင့်သုံး ကယ်တင်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း အမျိုးသားညီလာခံက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု စသော အဓမ္မနည်းဖြင့် ရယူရန်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေမည့်၊ သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ် အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့်ရှိသည်လို့ အခြေခံမူတစ်ရပ် ချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အာဏာ လွှဲအပ်ခြင်းခံရသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ကျင့်သုံးဆောင်ရွက်ခြင်းနဲ့စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အခြေခံမူတွေဟာ လျော်ကန်မှုရှိပါသဖြင့် အခြေခံမူတစ်ရပ် ချမှတ်သင့်ကြောင်း၊ ဒါ့အပြင် အရေးပေါ်အခြေအနေ ကြေညာထားစဉ်ကာလအတွင်း နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို ကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့နဲ့စပ်လျဉ်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရေးပေါ်အခြေအနေကြေညာထားစဉ် ကာလအတွင်း လိုအပ်သည့်နယ်မြေဒေသတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ၊ လိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်လို့ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃၁ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့သော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့သော်လည်းကောင်း၊ ယင်းတို့ ကျင့်သုံးခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များနဲ့ ဆက်စပ်၊ ဆက်နွှယ်မှုရှိသည့်အတွက်သော်လည်းကောင်း၊ မိမိတို့နိုင်ငံရဲ့ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိမှာဖြစ်သည့်အတွက် စုစည်းသုံးသပ်တင်ပြထားတဲ့အချက် (၂၃)ချက်ကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါတယ်။

**သဘာပတိကြီးနှင့်တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ ပါတီ၏ အကြံပြုဆွေးနွေးချက်စာတမ်းများကို တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

● *ကျောဖုံးမှ*

- ၂၉–၆–၂၀၀၆နေ့ DVB ရဲ့ အသံလွှင့်ချက်မှာ တစ်နိုင်ငံလုံးရှိ အကျဉ်းသားများအားလုံးကို ယခုနှစ်ကစပြီး နိုင်ငံတော်က ထမင်းကျွေးတော့မှာမဟုတ်ဘဲ အကျဉ်းဝန်ထမ်းများက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရှာဖွေကျွေးမွေးရမှာဖြစ်ကြောင်းနှင့် ထောင်ထဲမှာ ထောင်ဆရာဝန်မရှိလို့ နှစ်ရှည်နိုင်ငံရေးအကျဉ်းသားရဲ့ ကျန်းမာရေးအခြေအနေ စိုးရိမ်ရကြောင်းနဲ့ ထောင်ထမင်း ညံ့ဖျင်းမှုကြောင့် အစာအိမ်ရောဂါခံစားနေရကြောင်း။
- ၁–၈–၂၀၀၆ နေ့ DVB ရဲ့ အသံလွှင့်ချက်မှာ အကျဉ်းထောင်များထဲတွင် ကျန်းမာရေး စောင့်ရှောက်မှုမရှိသည့်အပြင် မသန့်ရှင်းသောရေ၊ အာဟာရမရှိသော အစားအစာများကိုသာ နေ့စဉ်စားသုံးနေရကြောင်း။
- ၁၅–၈–၂၀၀၆နေ့ မဇ္ဈိမရဲ့ အသံလွှင့်ချက်မှာ ရခိုင်ပြည်နယ် ဘူးသီးတောင် အကျဉ်းထောင်တွင် ငှက်ဖျားနှင့် ဝမ်းရောဂါဝေဒနာ ခံစားနေရကြောင်း၊ အလုပ်ကြမ်းလုပ်ရပြီး အာဟာရချို့တဲ့ကြောင်း။
- ၁၉–၈–၂၀၀၆ နေ့နှင့် ၂၂–၈–၂၀၀၆ နေ့ DVB ရဲ့ အသံလွှင့်ချက်မှာ တောင်ငူထောင်၌ အကျဉ်းသားများ သံမံသလင်းပေါ် အိပ်စက်ရသဖြင့် သွေးတိုး၊ လေဖြန်းရောဂါအခြေအနေ ပိုမိုဆိုးရွားလာကြောင်း၊ ဆေးဝါးကြပ်ကြပ်မတ်မတ် ကုသမပေးကြောင်း။
- ၄–၉–၂၀၀၆ ရက် DVB ရဲ့ အသံလွှင့်ချက်မှာ ထောင်အတွင်းစနစ်တကျ ဆေးကုသမှုမရှိကြောင်း၊ ပြင်ပအထူးကုဆရာဝန်ကြီးများနှင့် ပြင်ပဆေးရုံကြီးများသို့ ပြသပေးခြင်း မရှိကြောင်း။
- ၆–၁၁–၂၀၀၆ နေ့ DVB ရဲ့ အသံလွှင့်ချက်အရ နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း AAPPရဲ့ ကြေညာချက်မှာ အကျဉ်းသားများရဲ့ စားသောက်နေထိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်များ အပြည့်အဝမရကြောင်း၊ အကျဉ်းသားအပေါ် ကူညီစောင့်ရှောက်မှုကို အာဏာပိုင်များက လုံးဝတာဝန်မယူကြောင်း၊ အကျဉ်းထောင်အတော်များများမှာ ထောင်ဆရာဝန်များမရှိဟု ဖော်ပြထားကြောင်း။
- ၈–၁၁–၂၀၀၆ နေ့ မဇ္ဈိမရဲ့ အသံလွှင့်ချက်ထဲမှာ သာယာဝတီ၊ သရက်ထောင်များ၌ ဝင်ဝင်ချင်း အကြီးအကျယ်ရိုက်နှက်ကြကြောင်း၊ အကြောင်း အမျိုးမျိုးရှာပြီး တိုက်ပိတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ရေချိုးပိတ်ခြင်း ပြစ်ဒဏ်များ ပေးကြောင်း၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများပြုကြောင်း၊စာဖတ်ချင်သဖြင့် ဆေးလိပ်အစီခံ၌ပါရှိသော သတင်းစာစက္ကူအား ခွာဖတ်ခြင်းကိုပင် တရားမဝင်သဖြင့် အရိုက်ခံရကြောင်း စသည်ဖြင့် စွပ်စွဲခဲ့မှုများကို တွေ့ရမှာဖြစ်ပါတယ်။

အဲဒီလို စွပ်စွဲပြောဆိုခဲ့တဲ့ အဖွဲ့အစည်းတွေအနက် AAPPဟာ အကျဉ်းထောင်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ညံ့ဖျင်းမှုကြောင့် အသေအပျောက်များ ဖြစ်ခဲ့ရတဲ့အတွက် အရေးယူပေးပါရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံကိုလည်း ၁၅–၁၁–၂၀၀၆ရက်နေ့က အိတ်ဖွင့်စာပေးပို့မှုများလည်းရှိခဲ့ကြောင်း သိရပါတယ်။




နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



# အိပ်ဆောင်များကို အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းအောင် မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုးများကင်းစင်အောင် ဆောင်ရွက်ပေးလျက်ရှိ

ဒါ့ကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ အချက်တွေကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်တွေထဲမှာ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း၊ စားသောက်ရေးညံ့ဖျင်းခြင်း၊ ဥပဒေမဲ့ရိုက်နှက်ခြင်း၊ အကျဉ်းသားတွေအပေါ် ဂရုတစိုက်မရှိခြင်း စတဲ့အချက်တွေကို အခြေခံစွပ်စွဲပြောဆိုခဲ့တယ်ဆိုတာတွေ့ရမှာဖြစ်ပါတယ်။ အခုလိုစွပ်စွဲချက်များဟာ တကယ့်ပကတိ ဖြစ်ရပ်မှန်အခြေအနေများနဲ့ များစွာကွာခြားနေတာမို့ ဖြစ်ရပ်မှန်များကို သိရှိသုံးသပ်နိုင်စေဖို့ အလျဉ်းသင့်တုန်း အခုလိုရှင်းလင်းပြောကြားရတာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲက ၂၂–၁–၁၉၉၉ ရက်နေ့မှာ အကျဉ်းဦးစီးဌာန အမှတ်(၂) ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းသို့ ရောက်ရှိစစ်ဆေးခဲ့စဉ် အကျဉ်းဦးစီးဌာနရဲ့ အုပ်ချုပ်မှုစနစ် ပြုပြင်ပြောင်းလဲရေးအတွက် လမ်းညွှန်ချက်ချမှတ်ပေးခဲ့ရာမှာ–

- **အကျဉ်းသားများ အကျဉ်းထောင်မှ လွတ်မြောက်သည့်အခါ လူကောင်းသူကောင်းများဖြစ်လာအောင် ပြောင်းလဲပေးရန်၊ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်အောင် လုပ်ဆောင်ကြရန်၊ ထောင်သား၊ အကျဉ်းသားအဖြစ် အောက်ကျနောက်ကျ နေထိုင်ရသည့် ဘဝမှ လူကောင်းသူကောင်းများအဖြစ်ထူထောင်ပေးရန်၊ စာရိတ္တပြုပြင်ရေးစခန်းများ (Rehabilitation Center)အဖြစ် ထူထောင်ပေးရန်နှင့် အကျဉ်းကျခံစိတ်ပပျောက်အောင် လုပ်ဆောင်ပေးရန်။**
- **လုပ်အားရှင်များအား လောကကြီးနှင့်အဆက်မပြတ်ထိတွေ့ သိမြင်နိုင်ရေးအတွက် သတင်းစာများ၊ ဂျာနယ်များ၊ တီဗွီများ၊ ရေဒီယိုများ ထားရှိပေးရန်။**
- **ဇနီး၊ သား၊ မယားနှင့်ကင်းကွာမှုကြာမြင့်လာပါက အချို့မှာ စိတ်ရိုင်းများဝင်လာတတ်သဖြင့် မိသားစု လိုက်ပါနေထိုင်ခြင်းမရှိသော လုပ်အားရှင်များအား အလုပ်ပါးသော ရာသီတွင် မိသားစုများနှင့် တွေ့ဆုံနိုင်ရန်အတွက် ခွင့်ပေးရန်နှင့် ခွင့်ပေးချိန်တွင် လုပ်အားရှင်များအတွက် ခရီးသွားဝရမ်းနှင့်သွားစေပြီး စရိတ်အဖြစ် စုဆောင်းငွေအချို့ထုတ်ပေးရန်။**








မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

- **ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းများအနေဖြင့် ပတ်ဝန်းကျင်ကျေးရွာများကို လက်တွဲခေါ်ယူရန်၊ စိုက်ပျိုးရေးပညာပေးရန်၊ ဆင်းရဲနွမ်းပါးသူများ၊ အိုမင်းမစွမ်းသူများကို ဝိုင်းကူ လုပ်အားပေးဆောင်ရွက်ကြစေရန်**

ဆိုတဲ့ လမ်းညွှန်ချက်များချမှတ်ပေးခဲ့ပါတယ်။

ဒီလမ်းညွှန်ချက်တွေဟာ နိုင်ငံတော်အနေနဲ့ အကျဉ်းသားတွေအပေါ် စိတ်ရင်းစေတနာအပြည့်အဝနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တယ်ဆိုတာကို လေ့လာသုံးသပ်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်နဲ့အညီ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနဟာ အကျဉ်းသားများအကျဉ်းထောင်မှလွတ်မြောက်သည့် အခါ လူကောင်းသူကောင်းများဖြစ်လာစေရေးအတွက် ဘာသာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ သက်သာချောင်ချိရေး၊ စားသောက်နေထိုင်ရေးစတဲ့ ကဏ္ဍပေါင်းစုံမှာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့လို့လည်း အတိတ်ကာလရဲ့အကျဉ်းထောင်များနဲ့ ယနေ့ကာလရဲ့ အကျဉ်းထောင်များဟာ များစွာကွဲပြားနေကြပြီဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ချက်များအနက် အလျဉ်းသင့်လို့ အချို့ကို ကောက်နုတ်တင်ပြရရင် ဘာသာရေးပိုင်းမှာ–

- **အကျဉ်းသားများအားလုံးဟာ နှစ်သက်ရာဘာသာကို ကိုးကွယ်နိုင်ခွင့်ဆိုတဲ့ ဘာသာရေးလွတ်လပ်ခွင့်တွေ အပြည့်အဝရရှိခဲ့ကြတယ်။**
- **ဗုဒ္ဓဘာသာဝင်များဖြစ်စေ၊ အစ္စလမ်ဘာသာဝင်ဖြစ်စေ မည်သည့်ဘာသာဝင်ပင်ဖြစ်စေ ဥပုသ်ဆောက်တည်လိုသူများကို ဥပုသ်သီတင်းဆောက်တည်နိုင်ရန် စီစဉ်ပေးထားပါတယ်။**
- **ဗုဒ္ဓဘာသာဝင်တွေအတွက် ဗုဒ္ဓရုပ်ဆင်းတုတော်မရှိသေးတဲ့ အကျဉ်းထောင် အလုပ်စခန်းများကို အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ခရီးစဉ်များမှာ ဆင်းတုတော်များ ပင့်ဆောင်သွားပြီး ဘုရားအနေကဇာတင်လှူပူဇော်ခြင်းကို အကျဉ်းသား၊ အကျဉ်းသူကိုယ်စားလှယ်များ ကိုယ်တိုင်ပါဝင် ကုသိုလ်ပြုစေခဲ့ပါတယ်။**
- **ဗုဒ္ဓဘာသာဝင်အကျဉ်းသားများကို နေ့စဉ်နံနက်မှာတစ်ကြိမ်၊ ညပိုင်းမှာတစ်ကြိမ် ဘုရားဝတ်ပြုစေပြီး စိတ်ပိုင်းဆိုင်ရာတည်ငြိမ်အေးချမ်းမှုတွေ ဖြစ်ထွန်းပေါ်ပေါက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။**
- **ဒါ့အပြင် တရားစခန်းများကိုလည်း အခါအားလျော်စွာ ဖွင့်လှစ်ပေးခြင်း၊ နှစ်ပတ်လျှင်တစ်ကြိမ် ဆရာတော်သံဃာတော်များ ပင့်ဖိတ်ပြီး အိပ်ဆောင်အလိုက် အလှည့်ကျတရားပွဲများ ကျင်းပပေးခြင်း၊ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓရဲ့အဆုံးအမများကို အိပ်ဆောင်၊ အိပ်ခန်းတိုင်းမှာ ရေးသားချိတ်ဆွဲထားပြီး အဆောင်လိုက်၊ အခန်းလိုက်၊ အလွတ်ရွတ်ဆိုပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် ဝါဆိုသင်္ကန်းကပ်ခြင်း၊ ကထိန်ခင်းခြင်း၊ သိမ်ကျောင်းရေစက်ချခြင်း စတာတွေကို အကျဉ်းသား၊ အကျဉ်းသူများရဲ့ အလှူဒါနပါဝင်နိုင်အောင် စီစဉ်ပေးခြင်း၊ တရားနာယူစေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။**

အကျဉ်းသားများရဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးမှုတွေကို လေ့လာကြည့်မယ်ဆိုရင်လည်း–

- **အကျဉ်းသား၊ အကျဉ်းသူအားလုံးဟာ နံနက်အိပ်ဆောင်ဖွင့်ပြီးတာနဲ့ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများကို မိနစ် ၃၀ မျှ နေ့စဉ်ပြုလုပ်စေတယ်လို့ သိရပါတယ်။ ဒါ့အပြင် နှစ်စဉ်လွတ်လပ်ရေးနေ့များမှာ အကျဉ်းသား၊ အကျဉ်းသူများအတွက် အကျဉ်းထောင်အတွင်း အားကစား ပြိုင်ပွဲများအဖြစ် ထောင်ပတ်လမ်းလျှောက်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို စဉ်လာမပျက် ကျင်းပပေးခြင်း။**

*စာမျက်နှာ ၈ ကော်လံ ၁*

# အကျဉ်းထောင်/အလုပ်စခန်းအတွက် ဆေးဝါးများကို အခမဲ့ခွဲဝေပေးခြင်းအပြင် နိုင်ငံတော်ကလည်း လိုအပ်သည့်ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများ ဖြည့်ဆည်းပေး

စာမျက်နှာ ၇ မှ

- **အကျဉ်းထောင်/ အလုပ်စခန်းများအတွက် ဆေးဝါးများကို ကျန်းမာရေး ဦးစီးဌာန ဗဟိုဆေးပစ္စည်းသိုလှောင်ရေးဌာနက တစ်နှစ်လျှင်နှစ်ကြိမ် အခမဲ့ခွဲဝေပေးခြင်းအပြင် ထပ်မံလိုအပ်တဲ့ဆေးဝါးနဲ့ ဆေးရုံသုံးပစ္စည်း များကို နိုင်ငံတော် ဘဏ္ဍာငွေမှ ဖြည့်ဆည်းပေးခြင်းများရှိပါတယ်။ တရားဝင်ထုတ်ပြန်ထားသော စာရင်းဇယားများအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ၂၀၃၅၀၁၀၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ၂၄၇၀၈၈၇ ကျပ်ဖိုး ထပ်မံဖြည့်ဆည်းပေးခဲ့ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ကလည်း အကျဉ်းသားများ လုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းရန်ပုံငွေမှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၆၅၉၈၈၇၇၀၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေး နှစ်တွင် ၉၈၄၃၉၆၄ ကျပ်ဖြင့်လည်းကောင်း အကျဉ်းထောင်၊ အလုပ် စခန်း သာရေးနာရေး ရန်ပုံငွေဖြင့်လည်းကောင်း ဝယ်ယူဖြည့်တင်း သုံးစွဲစေလျက်ရှိကြောင်း သိရပါတယ်။**
- **ဆေးရုံရှိတဲ့အကျဉ်းထောင်တိုင်းလိုလိုမှာ ဆရာဝန်၊ သူနာပြုများထားရှိ ပေးကြောင်းနှင့် အနည်းငယ်မျှသော ဆေးရုံ၊ ဆရာဝန်မရှိသေးတဲ့ အကျဉ်းထောင်၊ အလုပ်စခန်းများမှာ သက်ဆိုင်ရာပြင်ပမြို့နယ်ဆရာဝန် များက အပတ်စဉ်ပုံမှန် လာရောက်ကြည့်ရှုကုသပေးခြင်း၊ ကျန်းမာရေးမှူး၊ ဆေးတပ်သားများဖြင့် စောင့်ရှောက်ကုသစေခြင်းများပြုလုပ်ပေးလျက် ရှိပြီး ဆေးကုသမှုမှတ်တမ်းများကိုပါ စနစ်တကျထားရှိဆောင်ရွက်ပေး လျက်ရှိကြောင်း သိရပါတယ်။**




- **အကျဉ်းထောင်/အလုပ်စခန်းများမှာ ကုသရန်ခက်ခဲမှုရှိသော ရောဂါမျိုး ဖြစ်ပါက ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ တင်ပို့ကုသခြင်း၊ အထူးကု ဆရာဝန်ကြီးများနဲ့ ပြသကုသခြင်းများအပြင် အချို့ကိုလည်း စရိတ် မျှပေး ကျန်းမာရေးစနစ် ကျင့်သုံး ကုသစေမှုတွေရှိကြောင်း သိရပါတယ်။**
- **အိပ်ဆောင်များကိုလည်း အလင်းရောင်နှင့် လေဝင်လေထွက်ကောင်း အောင် တာဝန်ရှိသူတွေက စဉ်ဆက်မပြတ်စစ်ဆေးစီမံဆောင်ရွက်လျက် ရှိသည့်အပြင် အိပ်ဆောင်များအတွင်း မှက်၊ ခြင်၊ ယင်၊ ကြမ်းပိုးစသည်တို့ ကင်းရှင်းအောင် မကြာခဏဆေးဖျန်းပေးခြင်းမျိုးကိုပင် ဆောင်ရွက်ပေး လျက်ရှိကြောင်းကို အကျဉ်းထောင်/အလုပ်စခန်းများမှ တာဝန်ရှိသူတွေ စစ်ဆေးချက် မှတ်တမ်းမှတ်ရာများအရ တွေ့ရှိရပါတယ်။**

ဒါတွေဟာ ဒီနေ့အကျဉ်းသား၊ အကျဉ်းသူတွေရဲ့ ကျန်းမာရေးကို တာဝန် ရှိသူတွေက လျစ်လျူရှုမှု မရှိဘူးဆိုတာကို သိမြင်သုံးသပ်နိုင်အောင် တင်ပြရခြင်း ဖြစ်ပါတယ်။

လူမှုရေးဆိုင်ရာဆောင်ရွက်ချက်များကို လေ့လာကြည့်မယ်ဆိုရင်လည်း အလုပ်စခန်းများသို့ မိသားစုများ ညှော်တွေ့လာရောက်ပါက တာဝန်ရှိသူတွေ အနေနဲ့ ညအိပ်နေထိုင်နိုင်ရန်နဲ့ စားသောက်နိုင်ရန်တို့ကို စီစဉ်ပေးထားကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် တာဝန်ရှိသူများနှင့် NGO အဖွဲ့အစည်းများက အကျဉ်းသားများနဲ့ လာရောက်တွေ့ဆုံပြီး နှစ်သိမ့်အားပေးခြင်း၊ ပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကျဉ်းသားများနောင်တ တရားရရှိစေရန်ရည်ရွယ်ပြီး တစ်ဦးချင်းဘဝဖြစ်စဉ်များ၊ အမှုဖြစ်စဉ်များကို အကျဉ်းသားများအချင်းချင်းဝိုင်းဖွဲ့ကာတစ်လှည့်စီသုံးသပ်ဆွေးနွေးပွဲများ ဆောင်ရွက် စေပြီး အနာဂတ်မှာ လူကောင်းသူကောင်းတစ်ဦးအနေနဲ့ ဘဝကိုဖြတ်သန်းဖို့ စနစ်တကျအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရပါတယ်။

တစ်ပြိုင်တည်းမှာပဲ အကျဉ်းသားများလွတ်မြောက်တဲ့အခါ လူကောင်း၊ သူကောင်းများအဖြစ် ရိုးသားစွာလုပ်ကိုင်စားသောက်နိုင်ရေးအတွက်လည်း ပညာပေးလေ့ကျင့်သင်ကြားမှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ-

- အသက်မွေးဝမ်းကျောင်းပညာများအဖြစ် ရက်ကန်းလုပ်ငန်း၊ ကြိမ်ဝါး လုပ်ငန်း၊ ယာဉ်ပြင်စက်ပြင်လုပ်ငန်း၊ တက်တင်းထိုးလုပ်ငန်း၊ ပန်းချီ၊ ပန်းပုလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ဓာတ်ပုံလုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်း၊ ပရိဘောဂလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လေ့ကျင့် သင်ကြားပေးပါတယ်။
- အင်းစိန်အကျဉ်းထောင်မှာဆိုရင် အကျဉ်းထောင်ပြင်ပ အလုပ်စခန်းများ ဖွင့်လှစ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်စေပြီး အကျဉ်းသားရန်ပုံငွေထူထောင်ခြင်းများကို လုပ်ကိုင်သော လူငယ် အကျဉ်းသား/သူများဖြစ်ပါက အသက်မွေးဝမ်းကျောင်း ပညာရပ်များသာမက စာပေပညာများပါ သင်ကြားပေးခဲ့ပါသည်။ သာဓကတစ်ခုအနေနဲ့ ထုတ်နုတ် တင်ပြရရင် အင်းစိန်ဗဟိုအကျဉ်း ထောင်မှာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်က လူငယ် ၃၅ ဦးကို သူငယ်တန်းမှ စတုတ္ထတန်းအထိ စာပေပညာ သင်ကြားပေးနိုင်ခဲ့ပြီး အဲဒီလူငယ်လေးတွေအနေနဲ့ အတန်းတင်စာမေးပွဲ အသီးသီးမှာ ပထမ၊ ဒုတိယ၊ တတိယအဆင့်များဖြင့် အောင်မြင်ခဲ့တာကို တွေ့ရှိရပါတယ်။
- ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွင်း သူငယ်တန်းမှ ဒသမတန်းအထိ လူငယ်အကျဉ်းသား/သူ ၁၇၀ ကိုစာပေပညာသင်ကြားပေးနိုင်ခဲ့ပါတယ်။
- အကျဉ်းသားများကို ပြစ်ဒဏ်ကျခံနေရပေမယ့် ပြည်တွင်း/ပြည်ပဖွံ့ဖြိုး တိုးတက်နေမှုများအား စဉ်ဆက်မပြတ် သိရှိစေရေးအတွက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့ ဖတ်ရှုနိုင်ရေးနဲ့၊ TV၊ Radioစသည်တို့ကို ကြည့်ရှုနားထောင်နိုင်စေရန် အကျဉ်းထောင်များမှာ စီမံပေးထားပါတယ်။







နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီး ဌာနမှ ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)







- အကျဉ်းထောင်လက်စွဲဥပဒေပြဋ္ဌာန်းချက်များအရ မိခင်နှင့်အတူပါရှိသော ကလေးသူငယ်များအား သာမန်အားဖြင့် လေးနှစ်အထိ အတူနေထိုင်ခွင့် ပြုပြီး အခြေအနေအရလိုအပ်လျှင် အသက် ခြောက်နှစ်အထိ နေထိုင်ခွင့်ပြု ထားပါတယ်။
- မိခင်အကျဉ်းသူနှင့်အတူ ပါရှိလာသော ကလေးသူငယ်များကိုလည်း အကျဉ်းထောင်များအတွင်း မူကြိုကျောင်းများဖွင့်လှစ်ပေးပြီး ကဗျာ၊ စာပေများ သင်ကြားပေးထားပါတယ်။
- မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်း(ရွှေပြည်သာ)ကို ၁-၆-၉၉ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး မူးယစ်ဆေးစွဲနေသူ ၇၅၆ ဦးအား အကျဉ်းကျခံနေရတဲ့ ကာလအတွင်းမှာပဲ ဆေးဖြတ်ကုသခြင်းနဲ့ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။
- ရန်ကုန်မှာအမျိုးသမီးပြုစုပျိုးထောင်ရေးစခန်း(တွံတေး)ကို၅-၁၀-၂၀၀၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး HIV/ AIDS ဝေဒနာရှင်၊ ပြည့်တန်ဆာမှု ပြစ်ဒဏ်ကျအကျဉ်းသူ ၉၃၈ ဦးကိုလည်း ရောဂါပျံ့နှံ့မှုမရှိစေရေးနဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကုသမှုတွေနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်း များအတွက် စနစ်တကျ အစီအမံများ ချမှတ်ဆောင်ရွက်ပေးခဲ့ပါတယ်။
- အလားတူ အမျိုးသမီးပြုစုပျိုးထောင်ရေးစခန်း (မန္တလေး) ကိုလည်း ၅-၂-၂၀၀၅ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး HIV/AIDSအကျဉ်းသူ ၁၂၄ ဦးအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ပါတယ်။

အကျဉ်းသားများရဲ့ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးထား မှုကို ဆက်လက်တင်ပြလိုပါတယ်။

- ကျွန်တော်တို့ မြန်မာလူမျိုးဟာ စိတ်ရင်းစေတနာကောင်းကြပြီး သဒ္ဓါတရားထက်သန်ကြသူတွေဖြစ်ပါတယ်။ အကျဉ်းကျခံနေရသူ တွေဟာ တစ်ချိန်တစ်ခါက တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်မိလို့ ပြစ်ဒဏ်ကျခံနေကြသူတွေဖြစ်ပြီး သူတို့တွေကို အကျဉ်းဦးစီးဌာန ဝန်ထမ်းများက အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြရုံသာမက စားသောက်ဖွယ်ရာ အသုံးအဆောင် ပစ္စည်းများအပါအဝင် လိုအပ်ချက် တွေကို NGOအဖွဲ့အစည်းများကလည်း စေတနာအပြည့်နဲ့ လှူဒါန်း ထောက်ပံ့လျက်ရှိကြောင်း တွေ့ရပါတယ်။
- အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ အိပ်ဆောင်၊ အိပ်ခန်းအားလုံးမှာ ကျန်းမာရေးအသိပညာတိုးမြင့်လာတာနဲ့အတူ ယင်လုံရေလောင်း အိမ်သာစနစ် ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါတယ်။ အခြားအကျဉ်း ထောင်များမှာလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရပါတယ်။
- အကျဉ်းထောင်တွေရဲ့ ထောင်ဝင်စာညှော်တွေ့ခန်းများမှာဆိုရင် ခေတ်မီ သပ်ရပ်မှုရှိစေဖို့ ကြွေပြားကပ်ခြင်း၊ ပန်ကာတပ်ဆင်ပေးခြင်း၊ ပြင်ပ ညှော်တွေ့နားနေဆောင်များကို ကြွေပြားခင်းခြင်း၊ ခေတ်မီထိုင်ခုံများ တပ်ဆင်ပေးခြင်းများ ပြုလုပ်ပြီး စိတ်ပိုင်းဆိုင်ရာ မြင့်မားတိုးတက် မှုတွေဖြစ်လာအောင် ဆောင်ရွက်ပေးနေကြောင်းလည်း တွေ့ရပါတယ်။
- ဘဝသစ်စိုက်ပျိုးထုတ်လုပ်မှုစခန်းရှိ အကျဉ်းသား(ရဲဘက်)များကို စခန်း ရောက်ပြီး တစ်နှစ်ပြည့်တာနဲ့ သူတို့ရဲ့ အကျင့်စာရိတ္တကောင်းမွန်မှု၊ အလုပ်အကိုင်ကြိုးစားမှု၊ အကျဉ်းထောင်စည်းမျဉ်းစည်းကမ်းလိုက်နာမှု များအပေါ် မူတည်ကာ မိသားစုများထံ ခွင့်ပြန်နိုင်ရန် ခွင့်ပြုပေးလျက် ရှိပါတယ်။ ၁၉၉၉ခုနှစ်မှစပြီး နေအိမ်ပြန်ခွင့်များ ခံစားခွင့်ပြုခဲ့ရာမှာ ယခုအချိန်ထိ စုစုပေါင်း ၇၇၅ဦးကို ခွင့်ပေးခဲ့ပြီးဖြစ်တယ်လို့ အကျဉ်းဦးစီး ဌာနရဲ့ စာရင်းဇယားများအရ သိရပါတယ်။
- အကျဉ်းသားများရဲ့ စားသောက်ရေးပိုင်းဆိုင်ရာမှာလည်း မလစ်ဟင်းရ လေအောင် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအပိုင်းနဲ့ပတ်သက်ပြီး လေ့လာတွေ့ရှိချက်တွေကို တင်ပြရရင်-
- အကျဉ်းထောင်/အလုပ်စခန်းများအစီအစဉ်နဲ့ ကျန်းမာရေးနှင့်ညီညွတ် အောင် ထမင်း၊ ဟင်းလျာများကို ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးသည့် အပြင် စိုက်ပျိုးမွေးမြူရေးက ထွက်ရှိတဲ့ သား၊ ငါး၊ သီးနှံများဖြင့် အနည်းဆုံးတစ်ပတ်လျှင် တစ်ကြိမ် အထူးဟင်းလျာများ ချက်ပြုတ် ကျွေးမွေးနေကြောင်း။
- ပြင်ပအလှူရှင်များရဲ့ လှူဒါန်းမှုနဲ့အင်းစိန်ဗဟိုအကျဉ်းထောင်မှာ ငွေကျပ် သိန်း ၄၃၀ကျော် တန်ဖိုးရှိ RO System နဲ့ ထုတ်လုပ်တဲ့ ရေသန့် စက်ရုံတည်ဆောက်ထားပြီး အကျဉ်းသားတစ်ဦးကို တစ်ရက်လျှင် သောက်ရေသန့် သုံးလီတာနှုန်း ပေးဝေသောက်သုံးစေလျက်ရှိကြောင်း၊ လားရှိုးအကျဉ်းထောင် အမျိုးသမီးဆောင်မှာလည်း ငွေကျပ် ၁၅သိန်းတန် ရေသန့်စက်တစ်လုံးကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးရဲ့ ကမကထပြုမှုနဲ့ လှူဒါန်းထားပြီး ဖြစ်ကြောင်းနှင့် သာယာဝတီအကျဉ်း ထောင်မှာလည်း အလားတူ ရေသန့်စက်ရုံ တည်ဆောက်လှူဒါန်းထားတာ အဆောက်အအုံနဲ့ ရေလှောင်ကန်များ မကြာမီ ရက်ပိုင်းအတွင်းပြီးစီး တော့မှာ ဖြစ်တယ်လို့လဲ သိရပါတယ်။ ဒါ့အပြင်

စာမျက်နှာ ၁၃ ကော်လံ ၁

# ICRC နှင့်ပတ်သက်ပြီး အကျဉ်းထောင်ထဲ ဝင်ခွင့်မပြုလို့ သတ်မှတ်ထားတာမဟုတ်
# အစိုးရ ရေးဆွဲပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ မည်သည့်အဖွဲ့အစည်းမဆို လုပ်ပိုင်ခွင့်ရှိ
# နိုင်ငံတွင်းရှိ NGO အသင်းများ အကျဉ်းသားများ၏ လူမှုရေး အရေးကိစ္စများ ဖြည့်ဆည်းဆောင်ရွက်ပေး
# ပညာရေးအဆင့်အတန်းကို အခြေခံမှာရော အဆင့်မြင့်မှာပါ နိုင်ငံတကာအဆင့်မီအောင် ကြိုးစားနေ

နေပြည်တော် နိုဝင်ဘာ ၃၀

**နိုဝင်ဘာ ၂၉ ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပသည့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ၊ ပြည်တွင်း ဂျာနယ် မဂ္ဂဇင်းတိုက်များမှ တာဝန်ရှိသူများ၏ မေးမြန်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–**

### ဦးမြတ်ခိုင်(လျှပ်တစ်ပြက်ဂျာနယ်)


**လျှပ်တစ်ပြက်ဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။** (သတင်းစဉ်)

ကျွန်တော် ရဲချုပ်ကြီးကို ဦးစွာမေးချင်ပါတယ်။ အဲဒါကတော့ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ပါ။ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ နိုင်ငံတကာနဲ့ ပူးပေါင်းပြီးတော့ နှိမ်နင်းနေတယ်။ အောင်မြင်မှုတွေ ရနေတယ်လို့လည်း ကျွန်တော် ကြားရပါတယ်။ တချို့နေရာတွေမှာ Drug Free Zone ဆိုပြီး ပြောနေတဲ့ အသံတွေလည်း ကြားနေရပါတယ်။ ဒါပေမယ့်မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့ ခုထိ လက်ညှိုးအထိုးခံနေရတုန်းဖြစ်ပါတယ်။ ပြီးတော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်လို့လည်း မကြာခဏ ဖမ်းဆီးနေရတုန်းဖြစ်ပါတယ်။ ဘာကြောင့်မူးယစ်ဆေးဝါးတွေဟာ မြန်မာနိုင်ငံအတွင်းမှာရောင်းဝယ်ဖောက်ကားမှုတွေ ရှိနေတာလဲ၊ ဘာကြောင့် လက်ညှိုးထိုးခံနေရတာလဲ အဲဒါ သိလိုပါတယ်။

နောက်တစ်ခုကတော့ လူကုန်ကူးမှုနဲ့ပတ်သက်လို့ စောစောက ရဲချုပ်ကြီးရှင်းသွားတဲ့အခါမှာ ကျော်မြင့်ဟာ အမျိုးသမီး ၉၀ လောက် တရုတ်ပြည်ကိုပို့ပြီး ရောင်းစားခဲ့တယ်လို့ သိရပါတယ်။ နောက်တစ်ခါ ဖက်တီး(ခ)ရဲမျိုးကလည်း တရုတ်ဘက်ကိုပဲ လူ ၁၄၀ လောက် ရောင်းစားခဲ့တယ်လို့ သိရပါတယ်။ အဲဒီမှာ တချို့ကတော့ ကယ်တင်ဖို့ကျန်နေပြီးတော့ တချို့ကတော့ ကယ်တင်လိုက်နိုင်တယ်လို့ ကြားရပါတယ်။ နောက်တစ်ခါ နိုင်ငံခြားသားတွေက ကလေးသူငယ်တွေကို လိင်ဆက်ဆံမှုအတွက် အသုံးပြုနေတယ်လို့ ကျွန်တော်တို့ ကြားရပါတယ်။ အဲဒါတွေနဲ့ပတ်သက်လို့ ဘယ်အချိန်ထဲကစပြီး ဖြစ်နေတာလဲ၊ နောက်ထပ် မိဖို့တရားခံ ဘယ်လောက်ကျန်နေသေးလဲ၊ အဲဒါသိလိုပါတယ်၊ ကျေးဇူးတင်ပါတယ်။

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ခုန ဦးမြတ်ခိုင် မေးသလိုပါပဲ။ ကျွန်တော်တို့ အများအပြားဖမ်းမိနေသော်လည်းပဲ ကျွန်တော်တို့ နိုင်ငံထဲမှာ မူးယစ်ဆေးဝါးအများအပြား ဖြတ်သွားဖြတ်လာရှိနေတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ အဲဒီပြုပြင်ပြီးတဲ့ မူးယစ်ဆေးဝါးတွေ ဥပမာအားဖြင့် ဘိန်းဖြူတို့၊ Ice တို့၊ စိတ်ကြွဆေးပြားလို့ခေါ်တဲ့မက်တာဖတမင်းတို့ အဲဒီဟာတွေဖြစ်ဖို့ဆိုတာက ကျွန်တော်တို့နိုင်ငံတစ်ခုထဲမှာ လုပ်လို့မရပါဘူး။ ကျွန်တော် ယခင်အကြိမ်ကြိမ်ရှင်းပြပြီးသလိုပဲ ဒီမူးယစ်ဆေးဝါးတွေ ဒီအဆင့်ရောက်လာအောင် ဒီ Precursor Chemical လို့ခေါ်တဲ့ ဓာတုပစ္စည်းတွေရမှ ဖြစ်တယ်လို့ ထင်ပါတယ်။ အဲဒီ Precursor Chemical ဓာတုပစ္စည်းတွေကလည်း ကျွန်တော်တို့လို ဖွံ့ဖြိုးစနိုင်ငံမှာ၊ ဖွံ့ဖြိုးဆဲနိုင်ငံမှာ ထုတ်လို့မရပါဘူး။ အဲဒီတော့ အခုထွက်တဲ့ ဖမ်းနေတဲ့မတ်တပ်ကနေပြီးတော့ အခုလို အများအပြားရှိနေသေးတဲ့ မူးယစ်ဆေးဝါးတွေဟာ ကျွန်တော်တို့နိုင်ငံ တစ်နိုင်ငံထဲကနေပြီးတော့ ထွက်နေတာ မဟုတ်ဘူးလို့ ဒါ ပြောလို့ရပါတယ်။ အဲဒီတော့ တခြားနိုင်ငံမှာရှိတဲ့ Precursor Chemical တွေ ကျွန်တော်တို့ဆီကို တရားမဝင်လမ်းကြောင်းကနေဝင်လာမယ်။ အဲဒီဟာမျိုးတွေနဲ့ ဆက်စပ်ပြီးတော့မှ ကျွန်တော်တို့ဆီမှာ ဒီလို မူးယစ်ဆေးဝါး ဆက်ပြီးပေါ်ထွန်းနေမြဲဖြစ်တဲ့ သဘောပါပဲ။

အဲဒီတော့ ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ ခုနရှင်းပြခဲ့သလို ၁၉၉၉ ကနေ စပြီးတော့ ၂၀၁၅ အထိ ၁၅ နှစ်စီမံကိန်း ချထားပါတယ်။ အာဆီယံမှာ ၂၀၁၅၊ ကျွန်တော်တို့က ၂၀၁၄ ပေါ့။ အာဆီယံထက် တစ်နှစ်စောပါတယ်။ ၂၀၁၄ ကာလအတွင်း အာဆီယံနိုင်ငံရဲ့ Drug Free မတိုင်ခင် တစ်နှစ်အလိုအထိ ကျွန်တော်တို့ကတော့ အမျိုးသားရေးရည်မှန်းချက်တာဝန်တစ်ရပ်အနေနဲ့ ဖိဖိစီးစီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက် မေးခွန်းတစ်ခုက စွပ်စွဲတာကတော့ ခုနလည်း ကျွန်တော်ရှင်းပြပြီးပါပြီ။ အထူးသဖြင့် အမေရိကန်နိုင်ငံက နှစ်စဉ်ထုတ်ပြန်နေတဲ့ Periodical Determination မှာ ကျွန်တော်တို့ကို မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ စွပ်စွဲထားတာရှိပါတယ်။ အဲဒီစွပ်စွဲချက်ကို အခုရှင်းပြတာပါ။ စွပ်စွဲမှုတွေကတော့ ဘာကြောင့်စွပ်စွဲတယ်ဆိုတာ စွပ်စွဲတဲ့သူပဲ သိမှာပါ။ ကျွန်တော်တို့ကတော့ ခုနက ရှင်းပြခဲ့သလိုပဲ ၂၀၁၄ ခုနှစ်မှာ အပြီး Drug Free ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့မှာရှိတဲ့ အင်နဲ့အားနဲ့ အပြည့်အဝဆက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ညှိုးထိုးတာကတော့ လက်ညှိုးထိုးတဲ့သူက သူ့ဟာသူ သူ့အမြင် သူ့ရှုထောင့် သူ့ Point of View ကနေ လက်ညှိုးထိုးနေတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ကိစ္စကို ဆက်ပြီး လုပ်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် ကလေးသူငယ်အပေါ်မှာ လိင်အလွဲသုံးစားပြုမှုပေါ့။ Child Sex Abuse အဲဒီလုပ်ငန်းတွေက ၂၀၀၁ ခုနှစ်မှာစပြီး ကျွန်တော်တို့နိုင်ငံကို ရောက်လာတာဖြစ်ပါတယ်။ ကမ္ဘာမှာတော့ ဒါထက်စောစောမှာ ဖြစ်နေကြပါတယ်။ အထူးသဖြင့် Internet မှာ အဲဒီလိုဖြစ်နေပါတယ်။ သို့သော်လည်း ကျွန်တော်တို့နိုင်ငံကို ၂၀၀၁ ခုနှစ်လောက်က စပြီးတော့ ဒီသတင်းတွေ စပြီးရတယ်။ ရတော့ ၂၀၀၃ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်က ဩစတြေးလျရဲတပ်ဖွဲ့ပေါ့။ (AFP) Australian Federal Police နဲ့ ပေါင်းစပ်ပြီးတော့ ဂျာမန်လူမျိုးတစ်ယောက်ကို ကလေးငယ်တွေနဲ့ လိင်ကိစ္စအလို့ငှာ ဆက်ဆံနေတဲ့အချိန်မှာ ဖမ်းလိုက်နိုင်ပါတယ်။ သို့သော်လည်း အဲဒီပုဂ္ဂိုလ်ဟာ HIV/AIDS စွဲကပ်နေတဲ့ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် သူ့နိုင်ငံကိုပြန်ပြီးတော့ Deputation ပြန်ပြီးတော့ လုပ်ပါတယ်။

အခုတစ်ခါ ထပ်ပြီးတော့ မြတ်ကိုတို့ပါဝင်တဲ့ ကလေးသူငယ်ဂိုဏ်းအဖွဲ့ပေါ့။ အဲဒီအဖွဲ့ကို ကျွန်တော် ထပ်ပြီး ဖမ်းလိုက်နိုင်ပါတယ်။ အဲဒီအဖွဲ့က မြတ်ကိုအပါအဝင် ဒီနိုင်ငံထဲမှာ ပွဲစားလုပ်နေတဲ့ပုဂ္ဂိုလ် ၂၁ ဦး၊ သူတို့နဲ့ ဆက်စပ်နေတဲ့ နိုင်ငံခြားသား ၁၁ ဦး၊ နိုင်ငံခြားသားကတော့ အချို့က အမည်စာရင်းရတယ်။ အချို့က စောင့်ကြည့်ဆဲပေါ့လေ။ အဲဒီလိုရှိပါတယ်။ ဒီမှာလုပ်နေတဲ့ Broker ပွဲစား ၂၁ ဦးကို ဖမ်းဆီးအရေးယူပြီးဖြစ်ပါတယ်။ ဒီလူကုန်ကူးတဲ့ကိစ္စမှာ နည်းနည်း ကျယ်ကျယ်ပြန့်ပြန့် ပြောရမယ်ဆိုလို့ရှိရင် လူကုန်ကူးတယ်ဆိုတာက Convention မှာပဲဖြစ်ဖြစ်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ ပုဒ်မ ၃(က)မှာ ဖြစ်ဖြစ်၊ သူ့ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်က ဘယ်လိုဟာမျိုးလဲဆိုတော့ တစ်ဦးတစ်ယောက်ကို ခေါင်းပုံဖြတ်ချင်တဲ့ ဆန္ဒနဲ့ လိမ်လည်လှည့်ဖြားပြီးတော့ ရောင်းမယ်၊ ဝယ်မယ်၊ သွေးဆောင်မယ်၊ စည်းရုံးမယ်၊ ပေးမယ်၊ ယူမယ်၊ လက်လွှဲမယ်ဆိုတဲ့ အမှုမျိုးကို လူကုန်ကူးတာလို့ ခေါ်တယ်။

အဲဒီတော့ လူကုန်ကူးတာမှာ Exploitation ပါတယ်။ ဒီ Exploitation မှာ Sexual Exploitation လည်းပါတယ်။ Labour Exploitation လည်းပါတယ်။ ကျွန်တော်တို့ပြောပြောနေတဲ့ လူမှောင်ခိုနဲ့ လူကုန်ကူးတာ မတူပါဘူး။ လူကုန်ကူးတာတော့ တိုင်းပြည် တစ်ပြည်နဲ့တစ်ပြည် ရှိရင်းစွဲနိုင်ငံရဲ့ တည်ဆဲဥပဒေကို ချိုးဖောက်ပြီးတော့ အကျိုးဆောင်ခယူပြီးတော့ ပို့တဲ့ဟာမျိုး၊ တစ်နည်းအားဖြင့် လူကုန်ကူးတာမှာ ဒီလူနှစ်ဦးနှစ်ယောက်က ကျေကျေနပ်နပ်ရှိတယ်။ သို့သော်လည်း သူက ဥပဒေကိုချိုးဖောက်ပြီးတော့ အကျိုးဆောင်ခယူသွားတဲ့ဟာမျိုး၊ သူ့မှာ Exploitation မပါဘူး။ လူကုန်ကူးတာမှာတော့ Exploitation ပါတယ်။ အဲဒီအပေါ်မူတည်ပြီးတော့ ဒါ လူကုန်ကူးတယ်ဆိုတာ သတ်မှတ်လေ့ရှိတယ်။

အခု ဒီကလေးတွေကလည်း Sexual နဲ့ ပတ်သက်လို့ Exploitation လုပ်ခံရတဲ့ ကလေးတွေဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို လူကုန်ကူးတယ်ဆိုတဲ့ အမှုမှာ ထည့်ထားတာဖြစ်ပါတယ်။ အလားတူထပ်ပြီးတော့ ရှိသေးသလားဆိုတော့ အခုဖမ်းဆီးရမိထားတဲ့ Broker တွေ ပွဲစားတွေဆီက စစ်ကြောချက်အရ ဆက်ပြီးတော့ ဖမ်းရဆီးရ မေးရမြန်းရမယ့်ပုဂ္ဂိုလ်တွေ ကျန်ပါသေးတယ်။

စောစောကပြောသလို ကျွန်တော်တို့နိုင်ငံထဲကို ရောက်လာတာတော့ ၂၀၀၁ ခုနှစ်ကစပြီးတော့ ရောက်လာတယ်လို့ ကျွန်တော်တို့ သုံးသပ်ရပါတယ်။ ကမ္ဘာမှာဆိုရင် ဒီလုပ်ငန်းတွေဟာ Tourism လုပ်ငန်းနဲ့ ဆက်နွှယ်ပြီးတော့ ဖြစ်လာတဲ့ လုပ်ငန်းတွေပါ။ ဒါကြောင့်မို့လို့ ဒီလုပ်ငန်းတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ နေရာတော်တော်များများကလည်း Tourism နဲ့ ဆက်စပ်နေတဲ့ အပန်းဖြေစခန်းတွေ၊ ဟိုတယ်တွေ ဒီလိုနေရာတွေမှာ အများဆုံး ကျူးလွန်တဲ့အနေအထားမျိုးရှိပါတယ်။

ကိန်းဂဏန်းတွေအရတော့ အာရှဒေသထဲကို နှစ်စဉ် သန်း ၅၀ လောက် Tourist တွေဝင်နေတယ်။ အဲဒီ Tourist တွေကနေတစ်ဆင့် အခု တိုးတက်လာတဲ့ IT နည်းပညာတွေသုံးပြီးတော့ Internet ထဲကနေတစ်ဆင့် ကျွန်တော်တို့ဆီမှာ ဈေးကွက်စပြီးတော့ စတင်ရောင်းချနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ဒီနှစ်ပိုင်းအတွင်းမှာ စပြီးတော့ Child Sex Abuse လုပ်ဖို့အတွက် ဝင်လာတဲ့ နိုင်ငံခြားသားတွေ ဆွဲဆောင်စည်းရုံးတဲ့ အဓိကပုဂ္ဂိုလ်ကတော့ ကျွန်တော်တို့ ဖမ်းထားတဲ့ မြတ်ကိုဆိုတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ ကျွန်တော် စောစောက ပြောသလို ဒီ မြတ်ကိုဟာ ၁၄ နှစ်သားကတည်းက ဂျာမန်ကြီးက မွေးတယ်။ ပညာအရည်အချင်းက လေးတန်းပဲရှိတယ်။ သို့သော် သူ့ကို ထိုင်းနိုင်ငံကို ပို့တယ်၊ ဂျာမနီကို ပို့တယ်၊ Internet တွေ၊ ကွန်ပျူတာတွေ သင်ပေးတယ်။ အင်္ဂလိပ်စကားပြောတွေ သင်ပေးတယ်။ သူက Internet တွေ ဘာတွေသုံးနိုင်လာတဲ့အခါမှာ Internet ကို အသုံးပြုပြီးတော့ ဒီနိုင်ငံမှာရှိတဲ့ ဒီဈေးကွက်ကို တခြားနိုင်ငံကိုကမ်းလှမ်းပြီးတော့ ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။ အခု သူ ၁၉ နှစ်သားလောက်ရှိပြီလို့ သုံးသပ်ရပါတယ်။

### ဦးယဉ်ကျော်(မှူခင်းသတင်းဂျာနယ်)


**မှူခင်းသတင်းဂျာနယ်မှ ဦးယဉ်ကျော် မေးမြန်းစဉ်။** (သတင်းစဉ်)

ကျွန်တော်တို့သိချင်တာက လူကုန်ကူးတယ်ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်ပါသလဲ၊ ဘယ်လောက်ထိအောင် ပြစ်ဒဏ်ပေးလို့ရပါသလဲ၊ လူမှောင်ခိုလုပ်တယ်ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်ပါသလဲ၊ ပြစ်ဒဏ် ဘယ်လောက်ထိအောင်ရပါသလဲ။

နောက်တစ်ချက်က ပြောနေကြပါတယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ လူကုန်ကူးတယ်ဆိုတာ စိုးရိမ်စရာဖြစ်နေပြီတဲ့၊ အဲဒီစိုးရိမ်စရာဆိုတဲ့ ရေချိန်အမှတ်ဟာ ဘယ်လောက်ထိအောင်များ ရှိပါသလဲ၊ အဲဒီစိုးရိမ်စရာကို ငြိမ်ဝပ်သွားအောင် ရှေ့စီမံကိန်းတွေ၊ ရှေ့လုပ်ငန်းစဉ်တွေ ဘယ်လိုများရှိပါသလဲလို့ သိချင်ပါတယ်။

နောက်တစ်ချက်က ကနေ့ ကျေးလက်တွေမှာ မြို့ပြတွေမှာ ဗီဒီယိုတွေ အင်မတန်သောင်းကျန်းပါတယ်။ အဲဒီဗီဒီယိုတွေကြည့်ပြီးတော့ ကလေးသူငယ်တွေ၊ အရွယ်မရောက်တဲ့ ကလေးတွေ၊ ကျွန်တော်ဟာ မှူခင်းသတင်းကိုင်လို့ တစ်နေ့တစ်နေ့ သတင်းတွေထဲမှာ အဲဒါ ခုနစ်မှု၊ ရှစ်မှုလောက် ပါပါတယ်။ အဲဒီတော့ ဒီကလေးတွေကို လိင်ပညာကိစ္စနဲ့ပတ်သက်ပြီးတော့ ဘယ်လို ပညာပေးပြီး လုပ်မလဲ၊ နောက်တစ်ချက် ဒီလိုအမှုတွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကပဲ ပတ်သက်သလား၊ သို့သော် ဘယ်ဌာနဆိုင်ရာများနဲ့ ပတ်သက်သလဲလို့ ကျွန်တော် သိပါရစေ။

### မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

စောစောက ကျွန်တော် ဖြေကြားခဲ့သလိုပါပဲ။ လူမှောင်ခိုနဲ့ လူကုန်ကူးတာက အဓိကအချက်က ခေါင်းပုံဖြတ်မှု ပါတယ်၊ မပါဘူး။ Exploitation ပါတယ်၊ မပါဘူးဆိုတဲ့အပေါ်မှာ အခြေခံတယ်လို့ အကြမ်းဖျင်းမှတ်သားလို့ ရပါတယ်။

လူကုန်ကူးတဲ့အဓိပ္ပာယ်က လူတစ်ဦးတစ်ယောက်ကို ခေါင်းပုံဖြတ်လိုတဲ့ ဆန္ဒနဲ့ လိမ်လည်လှည့်ဖြားပြီးတော့ ရောင်းတယ်၊ ဝယ်တယ်၊ ပေးတယ်၊ ကမ်းတယ်၊ လွှဲတယ်၊ ပြောင်းတယ် အဲဒါ လူကုန်ကူးတာပဲ။ လူကုန်ကူးတဲ့လူနဲ့ လူကုန်ကူးခံရတဲ့သူက တစ်ယောက်နဲ့တစ်ယောက် ကျေနပ်သော်လည်းပဲ သူရသင့်ရထိုက်တာ အပြည့်အဝမရဘဲနဲ့ တစ်စုံတစ်ခုကို သူက ခေါင်းပုံဖြတ်ခံလိုက်ရတယ်။

ခုန ကျွန်တော်ပြောတဲ့ Sexual ကိုပဲဖြစ်ဖြစ်၊ Sexual Exploitation ကိုပဲဖြစ်ဖြစ်၊ Labour Exploitation ကိုပဲဖြစ်ဖြစ် Exploitation ပါတဲ့ဟာ သည်လူကုန်ကူးတယ်ဆိုတာ ကျွန်တော်တို့ မှတ်ပါတယ်။ လူမှောင်ခိုကတော့ ခေါင်းပုံဖြတ်တာ မပါပါဘူး၊ လူတစ်ယောက်က ဒီတစ်နိုင်ငံကနေ အခြားနိုင်ငံ တစ်နိုင်ငံကို သူ့သဘောဆန္ဒနဲ့ သွားပြီးတော့ အလုပ်လုပ်ချင်တယ်၊ အဲဒီအခါမှာ ကြားထဲမှာရှိတဲ့ အကျိုးဆောင်တဲ့သူက ပွဲခယူပြီးတော့ သူ့ကို နိုင်ငံခြားကို ပို့ပေးတယ်။ သို့သော်လည်းပဲ ဒီနိုင်ငံမှာရှိတဲ့ ရှိရင်းစွဲ လဝက Act ကို သူချိုးဖောက်ပြီးတော့ သွားတယ်။ သူ့မှာ ခေါင်းပုံဖြတ်မှု မပါဘူး၊ ရှိရင်းစွဲဥပဒေကို ချိုးဖောက်ပြီးသွားတာ လူမှောင်ခိုဖြစ်ပါတယ်။ အဲဒီတော့ လွယ်လွယ်မှတ်လို့ရှိရင်တော့ လူကုန်ကူးတာမှာ Exploitation ပါတယ်။ လူမှောင်ခိုမှာ Exploitation မပါဘူး။

အဲဒီတော့ အခုပြောတဲ့ Exploitation မှာမှ နှစ်မျိုးဖြစ်နေတယ်။ Sexual Exploitation ရော Labour Exploitation ရော ဒီနှစ်ခုက လူကုန်ကူးတာနဲ့ ဆိုင်ပါတယ်။ ဒီလောက်ဆိုရင်တော့ ရှင်းမယ်လို့ ထင်ပါတယ်၊ နောက်တစ်ခုက ဘယ်လိုအရေးယူလဲဆိုတော့ သူတို့ လူကုန်ကူးတာနဲ့ပတ်သက်တဲ့ ဥပဒေကို မြန်မာနိုင်ငံမှာ 2005 September 13 မှာ စပြီးတော့ ဥပဒေပြဋ္ဌာန်းပါတယ်။ အဲဒီဥပဒေမပြဋ္ဌာန်းခင် 2005 September 13 မတိုင်မီက အမှုတွေဆိုလို့ရှိရင်တော့ ကျင့်ထုံးဥပဒေပုဒ်မ ၃၆၆ သွေးဆောင်ခေါ်ယူ ဖြားယောင်းတာပေါ့၊ အဲဒီဥပဒေမျိုးနဲ့ အရေးယူပါတယ်။ Maximum Penalty ငါးနှစ်ကနေပြီးတော့ တစ်သက်တစ်ကျွန်းအထိ ပေးနိုင်ပါတယ်။ 2005 September 13 ရဲ့ နောက်ပိုင်းဖြစ်တဲ့ ကိစ္စတွေကိုတော့ လူကုန်ကူးမှုအသစ်နဲ့ အရေးယူပါတယ်။ အဲဒီဟာနဲ့ဆိုလို့ရှိရင်တော့ ထောင်တစ်သက်ချလို့ရပါတယ်။ ထောင်တစ်သက်ဆိုတာသည် ထောင်ထဲမှာ သေသည်အထိ နေရတဲ့သဘောဖြစ်ပါတယ်။

အခု လက်ရှိအခြေအနေအရတော့ ဒီဥပဒေသစ်နဲ့ Case ၃၆ ခုလောက်ပတ်သက်ပြီး လုပ်နေပါတယ်။ အဲဒီမှာ တရားခံ ၄၄ ဦးလောက် တရားစွဲနေပါတယ်။ တစ်ဦးကတော့ အမှုပြီးပြတ်ပါပြီ။ လူကုန်ကူးတဲ့ ဥပဒေအသစ်ပေါ်ပြီး နောက်ပိုင်း ထောင်တစ်သက်ပြစ်ဒဏ်ချပြီးတဲ့အပြင် သူပိုင်တဲ့ Property တွေ၊ Asset တွေကလည်း ခုန လူကုန်ကူးတဲ့ကိစ္စနဲ့ Relative ဖြစ်တယ်၊ ဆက်နွှယ်တယ်ဆိုလို့ရှိရင် အဲဒီဟာတွေကိုပါ နိုင်ငံတော်ဘဏ္ဍာသိမ်းတဲ့ အမိန့်မျိုးချမှတ်ပါတယ်။ ကျွန်တော် စောစောကတင်ပြခဲ့တဲ့ ကိုကျော်မြင့်တို့ဆိုရင် သူတို့ရဲ့ Asset တွေအားလုံးကို နိုင်ငံတော်က Confiscated လုပ်လိုက်တဲ့ သဘောပါပဲ။ အားလုံးသိမ်းတဲ့ သဘောပဲ။ အဲဒါက ဒီဥပဒေရဲ့ ထူးခြားချက်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဒီကိစ္စမျိုးက မြန်မာနိုင်ငံအတွက် ဘယ်လောက်အတိုင်းအတာအထိ ခြိမ်းခြောက်နေပြီလဲဆိုတဲ့ သဘောပါပဲ။ ဒါဟာ ကမ္ဘာမှာတော့ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံတွေ၊ ကျွန်တော် နာမည်တော့မပြောတော့ပါဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာ တော်တော်များများ ဒါနဲ့ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတယ်။ အကျူးလွန်ခံရတဲ့ နိုင်ငံ တော်တော်များများက အာဆီယံနယ်ပယ်မှာဆိုရင် သုံးလေးနိုင်ငံလောက်ရှိပါတယ်။ Europe မှာလည်း ရှိပါတယ်။ ကျူးလွန်တဲ့ ပုဂ္ဂိုလ်တော်တော်များများကတော့ အနောက်နိုင်ငံက လူတွေပေါ့လေ။

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*



**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။** (သတင်းစဉ်)

# လူကုန်ကူးမှုမျိုးသည် နိုင်ငံဖြတ်ကျော်မှုခင်းမျိုးဖြစ်သည့်အတွက်ကြောင့် အစိုးရတစ်ဖွဲ့တည်းနှင့်ဆိုင်တာမဟုတ်ဘဲ အားလုံးဝိုင်းဝန်းလုပ်ရမယ့်ကိစ္စဖြစ်

*စာမျက်နှာ ၉ မှ*

အနောက်နိုင်ငံကလူတွေက တော်တော်များများ ဒီကိစ္စကိုကျူးလွန်ပါတယ်။ အဲဒီလိုကျူးလွန်တဲ့အခါမှာ သူတို့သည် အထူးသဖြင့် လိင်တူပေါ့။ လာတဲ့ပုဂ္ဂိုလ် နိုင်ငံခြားသားများသည် ယောက်ျားငယ်လေးများ၊ မြန်မာနိုင်ငံမှာ ကျင့်ထုံးဥပဒေအရ အသက်(၁၆)နှစ်ကို ကလေးလို့သတ်မှတ်တယ်။ အသက်(၁၈)နှစ်အောက်ကို လူငယ်လို့သတ်မှတ်တယ်။ အဲဒီအောက်ရှိသော ကလေးများကို လိင်ကိစ္စအလို့ငှာ အလွဲသုံးစားလုပ်ဖို့အတွက် လာခဲ့တဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အခြားနိုင်ငံတွေမှာ လုပ်ရင်း လုပ်ရင်း လုပ်ရင်းနဲ့ ဒီဘက်နိုင်ငံတွေပါ ရွှေ့လျားလာတဲ့သဘောပေါ့။

၂၀၀၁ ခုနှစ်လောက်ကစပြီး မြန်မာနိုင်ငံမှာ ဒီကိစ္စတွေစပြီးတော့ ရောက်လာတယ်လို့ ကျွန်တော်တို့သုံးသပ်ရတယ်။ ကျွန်တော်တို့ ဦးဆုံးဖော်ထုတ်လိုက်နိုင်တာကတော့ ၂၀၀၃ ခုနှစ်မှာစပြီးတော့ ဖော်ထုတ်လိုက်နိုင်တယ်။ အခု ဒါဒုတိယအကြိမ်မြောက် ဂိုဏ်းကြီးကို ဖော်ထုတ်လိုက်နိုင်တာပါပဲ။ ကျွန်တော်တို့ဖြန့်ထားတဲ့ Network တွေအရ အခုဖမ်းမိလိုက်တဲ့ ၂၁ဦးပါတဲ့ Broker ဂိုဏ်းအပြင် အခြား Brokerနည်းနည်းပါးပါးပဲရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာတော့ စိုးရိမ်စရာကောင်းလောက်တဲ့အဆင့်အထိ အဲဒီပုဂ္ဂိုလ်တွေမရှိဘူးလို့ ရထားတဲ့ အချက်အလက်တွေအရ ဒီလိုပဲ သုံးသပ်လို့ရပါတယ်။

နောက်တစ်ခုကလည်း အများအပြားဖြစ်ခဲ့တဲ့ ဒီလူကုန်ကူးမှုနဲ့ပတ်သက်တဲ့ ကိစ္စတွေဟာ အထူးသဖြင့် နယ်စပ်ဒေသတွေမှာပဲ အများအပြားဖြစ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥစ္စာက အတွင်းပိုင်းဒေသအထိ စိမ့်ဝင်ထိုးဖောက်လာတဲ့ အခြေအနေအထိ စိုးရိမ်စရာကောင်းလောက်တဲ့ National Threat အထိ မရောက်သေးပါဘူး။

ဒီလူကုန်ကူးမှုမှာ အထူးသဖြင့် ARCPPT ပေါ့လေ၊ Asia Regional မှာ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကိုင်တွယ်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ အဲဒီဆောင်ရွက်တဲ့အခါမှာ အလွယ်ကူဆုံးပြောလို့ရှိရင် သူတို့က မဟာဗျူဟာ(၄)ရပ် Four Strategy လို့ ပြောပါတယ်။ ဒီ Strategy နဲ့ ကျွန်တော်တို့က ဒီကိစ္စကို ကိုင်တွယ်ပါတယ်။ Four P Strategy ပေါ့။ P လေးလုံးမဟာဗျူဟာစနစ်ပေါ့။

တစ်ခုက Prevention ကြိုတင်ကာကွယ်ရေးအတွက် ကျွန်တော်တို့ ပြည်သူကို Awareness လုပ်တဲ့ System တွေ။ အခုမြန်မာနိုင်ငံမှာ အများအပြားလုပ်နေပါပြီ။ ဒီဥစ္စာနဲ့ပတ်သက်တဲ့ Relevent ဖြစ်တဲ့ Ministry တွေကလည်း သူ့ဟာသူ Workshop တွေ လုပ်တယ်။ Human Trafficking ကို ကိုင်တွယ်ဖို့အတွက် ရဲတပ်ဖွဲ့ တစ်ခုတည်းကကို ကျွန်တော်တို့ အင်အား ၅၀၀ ကျော်လောက် Train လုပ်ထားပြီးပါပြီ။ ဒီကြားထဲမှာလည်း မြန်မာနိုင်ငံထဲမှာရှိတဲ့ Hot spot area ကိုးခုကို ရွေးပြီးတော့ Task force အထူးတပ်ဖွဲ့တွေကို ဖြန့်ထားပြီးတော့ Awareness System ကို ပြည့်ပြည့်ဝဝ လုပ်တဲ့ လုပ်ငန်းမျိုး ကျွန်တော်တို့ လုပ်ပါတယ်။

Awareness ကတော့ နည်းမျိုးစုံပါ။ Media ကရော၊ ပန်းဖလက်ဝေတာရော နည်းမျိုးစုံနဲ့ ကျွန်တော်တို့ Awareness လုပ်ပါတယ်။ ဒါက One P ပါ။ နောက် P က Prosecution ပါ။ အရေးယူအပြစ်ပေးတဲ့ဟာ ဖြစ်ပါတယ်။ ဒီ Case နဲ့ပတ်သက်ပြီး အခုထိ ကျွန်တော်တို့ ၁၆၀၀ကျော်လောက် အရေးယူပြီးပါပြီ။

နောက် P တစ်လုံးက Protection ပါ။ ကြိုတင်ကာကွယ်ရေးစနစ်တွေ ကျွန်တော်တို့ ဆောင်ရွက်တာရှိပါတယ်။ နောက်တစ်ခုကတော့ Policy and International Cooperation ပါ။ ကျွန်တော်တို့ မူဝါဒချမှတ်ပြီးတော့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တာပါပဲ။ ဘာကြောင့်လဲဆိုတော့ ခုနမေးသလို ဒီဥစ္စာဘယ်သူနဲ့ ဆိုင်သလဲမေးတယ်လို့ ပါတယ်ထင်ပါတယ်။ ဒါဟာ ဘယ်သူနဲ့ ဆိုင်သလဲလို့ပြောလို့ရှိရင် လူကုန်ကူးတဲ့အမှုမျိုးဟာ နိုင်ငံဖြတ်ကျော် မှုခင်းမျိုး ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံအားလုံးနဲ့ ဆိုင်ပါတယ်။ ဒီဥစ္စာ နိုင်ငံတစ်နိုင်ငံတည်း လုပ်လို့ရတဲ့ ကိစ္စမဟုတ်ပါဘူး။ နိုင်ငံအားလုံးနဲ့ဆိုင်တယ်။

ဒီတစ်နိုင်ငံထဲမှာတောင်မှ အစိုးရတစ်ဖွဲ့တည်းနဲ့ ဆိုင်တာမဟုတ်ဘဲနဲ့ ပြည်သူပြည်သားအားလုံးနဲ့ဆိုင်တယ်။ NGO အားလုံးနဲ့ဆိုင်တယ်။ ဒီမှာရှိတဲ့ UN အဖွဲ့အစည်းတွေအားလုံးနဲ့ဆိုင်တယ်။ အားလုံးဝိုင်းလုပ်မှရမယ့်ကိစ္စဖြစ်တဲ့ အတွက်ကြောင့် ဒီဥစ္စာသည် International Organized Crime တွေကို ကိုင်တွယ်သလိုပဲ ကိုင်တွယ်ရတဲ့ပြစ်မှု အမျိုးအစားဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။

**ဦးမျိုးသူ (မှုခင်းရှုထောင့်ဂျာနယ်)**

ရဲချုပ်ကြီးကို ကျွန်တော်မေးလိုပါတယ်၊ တစ်လက်စတည်းမို့လို့ပါ။ တစ်အချက်ကတော့ ICRC ဆိုတဲ့ နိုင်ငံတကာကြက်ခြေနီအဖွဲ့ဟာ အကျဉ်းထောင်ထဲကို ဝင်ခွင့်မပြုတာ ကြာပြီလို့ ကျွန်တော်တို့ကြားသိနေရပါတယ်။ ဝင်ခွင့်ပြု မပြု၊ အလားအလာ အစီအစဉ်ဘယ်လို လက်ရှိဆိုတာ သိလိုပါတယ်။ ဒုတိယအချက်ကတော့ နိုင်ငံတော် အပိုင်းအနေနဲ့ အကျဉ်းထောင်တွေနဲ့ ပတ်သက်လို့ ဆောင်ရွက်နေတာရှိပါတယ်။ အဲလို ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်လို့ စွပ်စွဲမှုတွေလည်းရှိပါတယ်။ အဲဒီစွပ်စွဲမှုတွေက လွတ်ကင်းအောင် ဘယ်စနစ်တွေနဲ့များ စီစဉ်ဆောင်ရွက်နေသလဲဆိုတာ သိလိုပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

ICRC နဲ့ ပတ်သက်ပြီးတော့ အကျဉ်းထောင်ထဲကိုဝင်ခွင့်မပြုဘူးလို့ ဒီလိုကျွန်တော်တို့ သတ်မှတ်ထားတာ မဟုတ်ပါဘူး။ နိုင်ငံခြားအဖွဲ့အစည်းတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေ အနေနဲ့ ဆက်သွယ်ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို နိုင်ငံတော်အစိုးရက ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက်ကြောင့် အဲဒီရေးဆွဲပြဋ္ဌာန်းထားတဲ့ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်တဲ့ မည်သည့်အဖွဲ့အစည်းမဆို သူ့သက်ဆိုင်ရာလုပ်ရမယ့် နယ်ပယ်ထဲမှာ လုပ်ပိုင်ခွင့်ရှိပါတယ်။

အခုလောလောဆယ်အခြေအနေမှာ ကျွန်တော်တို့ နိုင်ငံတော်အတွင်းမှာရှိတဲ့ NGO အဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသမီးရေးရာတို့၊ မိခင်နဲ့ ကလေးအသင်းတို့၊ ပြည်ခိုင်ဖြိုးတို့ စသည်ဖြင့် ဒီ NGO အသင်းများက အကျဉ်းထောင်ထဲကိုဝင်ပြီးတော့ အကျဉ်းသားများကို ကျွန်တော်စောစောက တင်ပြခဲ့တဲ့ လူမှုရေးအရေးကိစ္စဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါဟာ ICRC လုပ်ရမယ့်လုပ်ငန်းကို သူ့ကိုဘေးထုတ်ဖယ်ထားပြီးတော့ ကျွန်တော်တို့ ဝင်ပြီးတော့လုပ်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံရဲ့ Practise အရ ကျွန်တော်တို့ လုပ်သင့်လုပ်ထိုက်တဲ့ ဥစ္စာကို ဝင်လုပ်ခြင်းသာ ဖြစ်ပါတယ်။

အဲဒီတော့ ICRC အနေနဲ့ကတော့ ကျွန်တော်တို့နိုင်ငံတော်အစိုးရက ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း မည်သည့်အဖွဲ့အစည်းမျိုးမဆို အဲဒီ စည်းမျဉ်းစည်းကမ်းများအတိုင်းသာ လိုက်နာဆောင်ရွက်သွားဖို့ရှိပါတယ်။ အဲဒီစည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်မှုမရှိဘူးဆိုလို့ရှိရင်တော့ ICRC ရယ် မဟုတ်ပါဘူး၊ မည်သည့်အဖွဲ့အစည်းကိုမဆို တားတာ ဆီးတာတော့ ရှိကောင်းရှိနိုင်ပါတယ်။ ဒါတစ်ချက်ပါ။

အကျဉ်းထောင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်စောစောက ရှင်းပြတဲ့ အထဲမှာ လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီချက်တွေရှိတယ်။ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီချက်တွေရှိတယ်။ စားရေး၊ သောက်ရေးနဲ့ ပတ်သက်လို့ ပံ့ပိုးကူညီချက်တွေရှိတယ်။ ဒါတွေဟာ ကျွန်တော်တို့ အများသိအောင် နိုင်ငံတကာက သိအောင် ကျွန်တော်တို့စပြီး လုပ်ကတည်းက ဘယ်သူ့ကိုမှ ကျွန်တော်တို့ ပြောဖို့လုပ်တာမှ မဟုတ်တာ။ ကိုယ့်လုပ်စရာရှိတဲ့လုပ်ငန်း၊ ကိုယ်လုပ်သင့်တဲ့ လုပ်ငန်းကို နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်သွားတာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ ဒီလိုရှင်းပြနေရတာက ဒီလိုလုပ်နေလျက်နဲ့ မဟုတ်တမ်းတရား စွပ်စွဲချက်တွေ ပေါ်လာလို့သာလျှင် အခုလို ဖြေရှင်းရတဲ့သဘောဖြစ်တယ်။ မဟုတ်တမ်းတရားစွပ်စွဲချက်တွေသာ မပေါ်ရင် ကျွန်တော်တို့ လုပ်ဆောင်ချက်တွေကို ပြောပြစရာတောင်မလိုဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေကို ယခင်ကလည်း ဒီလိုပဲလုပ်နေတယ်။ အခုလည်း ဒီလိုပဲ လုပ်နေတာဖြစ်ပါတယ်။ အခုလို စွပ်စွဲချက်တွေပေါ်လာလို့သာလျှင် အခုလို ရှင်းလင်းရတာဖြစ်ပါတယ်။



**မှုခင်းရှုထောင့် ဂျာနယ်မှ ဦးမျိုးသူ မေးမြန်းစဉ်။** (သတင်းစဉ်)



**Live News Journal မှ ဦးကျော်စိုး မေးမြန်းစဉ်။** (သတင်းစဉ်)



**ပေါ်ပြူလာဂျာနယ်မှ ဦးဟိန်းလတ် မေးမြန်းစဉ်။** (သတင်းစဉ်)



**APသတင်းဌာနမှ ဒေါ်အေးအေးဝင်း မေးမြန်းစဉ်။** (သတင်းစဉ်)

အခုလို စွပ်စွဲချက်တွေ ပေါ်လာတိုင်း ပေါ်လာတိုင်းမှာ အခုလို သတင်းစာရှင်းလင်းပွဲများက ဖြစ်စေ၊ အလျဉ်းသင့်လို့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စတဲ့ မီဒီယာများက ဖြစ်စေ ဒီလိုပဲ ရှင်းလင်းသွားမှာပါ။ ကျွန်တော် မှတ်မိသလောက်တော့ ပြီးခဲ့တဲ့အပတ်လောက်က စတယ်လို့ထင်ပါတယ်။ အကျဉ်းဦးစီးဌာနအနေနဲ့ ထောင်များနဲ့ပတ်သက်ပြီးတော့ သူတို့ရဲ့ ဆောင်ရွက်ပေးချက်တွေကို သတင်းစာများမှာ ထည့်သွင်းဖော်ပြတဲ့ဟာမျိုး လုပ်ပါတယ်။ အခြေအနေအရ လိုအပ်ရင် လိုအပ်သလို ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။

## ပြသထားသော ဓာတ်ပုံ မှတ်တမ်းများ

**နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြသထားသော ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသထားသော ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။** (သတင်းစဉ်)



**ဦးကျော်စိုး (Live News Journal)**

ကျွန်တော်သိချင်တာလေးတစ်ခုက ကျန်းမာရေးကဏ္ဍနဲ့ ပတ်သက်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ဂျပန်နိုင်ငံကနေပြီး HIV/AIDS နဲ့ ငှက်ဖျား၊ အခြားရောဂါများအတွက် ကုလသမဂ္ဂကလေးသူငယ်များ ရန်ပုံငွေကတစ်ဆင့် ဒေါ်လာ ၂ဒသမ၆သန်း လှူဒါန်းမယ်လို့ နိုင်ငံခြားအသံလွှင့်ဌာနတစ်ခုက ကြေညာထားတာကို သိရှိရပါတယ်ခင်ဗျာ။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သိရှိချင်ပါတယ်။ ကျေးဇူးပြု၍ ဖြေကြားပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်**

ခုန ဦးကျော်စိုးမေးတာမှန်ပါတယ်။ အလွန်လည်း ကောင်းတဲ့မေးခွန်းပါ။ ဂျပန်အစိုးရကတော့ ကျွန်တော်တို့နိုင်ငံကို အခုလိုဟာမျိုး၊ ခုန HIV/AIDS တို့ ဘာတို့နဲ့ပတ်သက်ပြီး မပေးပါဘူး။ သို့သော်ငြားလည်း များမကြာမီ လွန်ခဲ့တဲ့ နှစ်ပတ်သုံးပတ်က UNICEF နဲ့ ဂျပန်နိုင်ငံ သံအမတ်ကြီး လက်မှတ်ရေးထိုးပါတယ်။ ခုနက ရှင်းတဲ့ဟာနဲ့ပတ်သက်ပြီးတော့ လှူဒါန်းငွေကို UNICEF ကိုထည့်၊ UNICEF မှတစ်ဆင့် နိုင်ငံတော်မှာ ကျန်းမာရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်မယ့်ကိစ္စတွေကို ဆောင်ရွက်ဖို့အတွက် ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဒေါ်အေးအေးဝင်း(AP သတင်းဌာန)**

ခုန ICRC နဲ့ ပတ်သက်လို့ ဆက်ပြီးမေးချင်ပါတယ်။ ICRC Field Office ငါးခုကို အစိုးရက ပိတ်ခိုင်းတယ်လို့သိရပါတယ်။ ဘယ်လိုအကြောင်းများရှိလို့လဲ သိလိုပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

ICRC ရုံးခွဲငါးခုကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာ လတ်တလော Focal Point ပြောင်းတာ ပြုတာလေးတွေ ရှိပါတယ်။ ICRC နဲ့ ဆက်သွယ်ရမယ့် Focal Point ပြောင်းတယ်ဆိုတဲ့ ကာလဖြစ်ပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်စောစောက ပြောသလိုပေါ့။ ပြည်ပအဖွဲ့အစည်းများနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ လိုက်နာရမယ့် Rules and Regulations အသစ်တွေ ကျွန်တော်တို့ ပြန်လည်စဉ်းစားပြီးတော့ ချမှတ်နေတဲ့ ကာလဖြစ်တဲ့အတွက်ကြောင့် လက်ရှိ အခြေအနေမှာတော့ ခေတ္တခဏ သူတို့လှုပ်ရှားမှုတွေ ရပ်တန့်နေတာဖြစ်နိုင်ပါတယ်လို့ ဖြေကြားလိုပါတယ်။

**ဒေါ်အေးအေးဝင်း(AP သတင်းဌာန)**

အဲဒီတော့ ရပ်တန့်တာလား၊ ကျွန်မတို့ သိရတာကတော့ ပိတ်ခိုင်းတယ်လို့ ပြောပါတယ်။ ပိတ်ခိုင်းတယ်ဆိုရင် ဘာကြောင့် ပိတ်ခိုင်းတာလဲ၊ အဲဒီ Regulation အသစ်ကြောင့် ပိတ်ခိုင်းတာပေါ့။ အဲဒီလိုနားလည်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

Regulation အသစ်က အခုကျွန်တော်တို့စဉ်းစားပြီးတော့ ချမှတ်နေတုန်းပဲရှိပါတယ်။ ကျွန်တော်တို့ဘက်က ပိတ်ခိုင်းတဲ့ဟာမျိုးတော့ မဟုတ်ပါဘူး။ အခု ကျွန်တော်တို့ချမှတ်တဲ့ Regulation အသစ်မပေါ်ခင်မှာ သူတို့လိုက်နာဆောင်ရွက်ရမယ့်ကိစ္စတွေ အကုန်ရှုပ်ထွေးသွားမှာစိုးလို့ ခေတ္တခဏကျွန်တော်တို့ ဆိုင်းငံ့ထားတဲ့သဘော ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ ကော်လံ ၁*

1-12 (10) 1 12/1/06, 2:08 PM

စာမျက်နှာ ၁၀ မှ

**ဒေါ်အေးအေးဝင်း(AP သတင်းဌာန)**

အဲဒီတော့ ဒါပြန်ဖွင့်နိုင်သေးတယ်ဆိုတဲ့ အလားအလာရှိပါသလား။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

အဲဒါကတော့ ကျွန်တော်တို့ ပြောလို့ရတဲ့အချိန်ကျရင် ပြောပါ့မယ်။

**ဒေါ်အေးအေးဝင်း(AP သတင်းဌာန)**

နောက်တစ်ခုလေး မေးပါရစေ။ ILO ကလည်းပဲ သူတို့က International Criminal Court မှာ မြန်မာ Forced Labour နဲ့ပတ်သက်ပြီးတော့ စွဲတင်တယ်ဆိုတာရှိပါတယ်။ မြန်မာအစိုးရရဲ့သဘောထားလေး ပြောပြပါ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

အဲဒါကလည်း Forced Labourပတ်သက်လို့ သူတို့ဘက်က စွပ်စွဲတာလည်း ရှိတယ်ပေါ့လေ။ ကျွန်တော်တို့ဘက်ကလည်း ဒီ Forced Labourနဲ့ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကနေ တာဝန်ယူပြီးတော့ ဖြေရှင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ နောက်ပြီးတော့ အလုပ်သမားဝန်ကြီးဌာနကနေပြီးတော့ ဖြေရှင်းဆောင်ရွက်နေတာတွေ ရှိပါတယ်။ အဲတော့ ကျွန်တော်တို့က ဖြေရှင်းတယ်။ သူတို့က ဆွဲတင်တယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီ Forced Labourနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်နေတာ ဖြစ်တယ်လို့ပဲ ကျွန်တော်တို့က အစဉ်တစိုက် တင်ပြဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**ဦးဟိန်းလတ် (ပေါ်ပြူလာဂျာနယ်)**

ကျွန်တော် Trafficking in Person နဲ့ပတ်သက်လို့ ပြစ်ဒဏ် မရှင်းတာလေးတစ်ခု မေးပါရစေ။ လူကုန်ကူးမှုနဲ့ပတ်သက်လို့ အမျိုးသမီးရယ်၊ ကလေးရယ်၊ လူငယ်ရယ်နဲ့ပတ်သက်လို့ လူကုန်ကူးရင် ထောင်ဒဏ် အပြစ်ဒဏ် အနည်းဆုံး ၁၀နှစ်က ထောင်တစ်သက်ဆိုတာ သိရပါတယ်။ အဲဒီတော့ အမျိုးသမီးရယ်၊ လူငယ်ရယ်၊ ကလေးရယ် မဟုတ်ဘဲနဲ့ အခြားသူများကို လူကုန်ကူးရင်တော့ ပြစ်ဒဏ်ခြားနားချက်ရှိမယ်လို့ ထင်ပါတယ်။ အဲဒါ ပြစ်ဒဏ်ခြားနားချက်လေးများရှိရင် သိပါရစေ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

လူကုန်ကူးတာနဲ့ပတ်သက်တဲ့ ပြစ်ဒဏ်ချမှတ်ချက်ကတော့ အတူတူပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ယခင်သုံးနှစ်စာလောက်က Facts and Figures တွေကို ပြန်ပြီးတော့ Review လုပ်တဲ့အခါမှာလည်း ဒီအမျိုးသားနဲ့ အမျိုးသမီး လူကုန်ကူးခံရတဲ့ပမာဏအရေအတွက်က အတူတူပဲဖြစ်ပါတယ်။ ပြစ်ဒဏ်ချမှတ်ချက်က အတူတူပဲ ဖြစ်ပါတယ်။ ကျွန်တော်စောစောကပြောတာက ၂၀၀၅ခုနှစ် စက်တင်ဘာလ၁၃ရက်နေ့မှာ Lawအသစ်ကို စပြဋ္ဌာန်းတယ်။ အဲဒီမတိုင်ခင်ကတော့ လူကုန်ကူးတဲ့ဆိုတဲ့ဟာမျိုးဆိုရင် ကျွန်တော်တို့ ဒီလို အခေါ်အဝေါ်မျိုး မခေါ်ဘူး။ လူ သွေးဆောင်တယ်၊ ဖြားယောင်းတယ်၊ အဲဒါဆိုရင် ငါးနှစ်ကနေ အနိမ့်ဆုံး Minimum Standard က ငါးနှစ်ကနေ တစ်သက်တစ်ကျွန်းအထိ ချတာပါ။ အခု New Law နဲ့ဆိုရင်တော့ ထောင်တစ်သက်ဖြစ်ပါတယ်။ ထောင်ထဲမှာ သေတဲ့အထိ နေရမယ့်သဘောပါ။ ယောကျ်ားရယ်၊ မိန်းမရယ် ခွဲခြားမှုမရှိပါဘူး။

**ဦးဇေယျာမြတ်ခိုင် (ဂီတဂျာနယ်)**

ကျွန်တော်ရဲချုပ်ကြီးကို မေးခွန်းသုံးခုမေးချင်ပါတယ်။ ပထမတစ်ခုက ပျဉ်းမနားမြို့မှာ မကြာသေးခင်က တူဝရီးနှစ်ယောက်ရေတွင်းထဲကျပြီး သေတာကို ရဲချုပ်ကြီးသွားကြည့်တယ်လို့ ပြောပါတယ်။ အဲဒါ အဲဒီအမှုအခြေအနေကို သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီရေတွင်းက ၁၃လက်မပဲကျယ်တယ်လို့ ပြောတာကြားလို့ပါ။



Flower News Journal မှ ဦးကိုကို မေးမြန်းစဉ်။
(သတင်းစဉ်)



ဂျီဂျီသတင်းဌာနမှ ဦးအောင်သူမြိုင် မေးမြန်းစဉ်။
(သတင်းစဉ်)



ရိုက်တာ သတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)



ဂီတဂျာနယ်မှ ဦးဇေယျာမြတ်ခိုင် မေးမြန်းစဉ်။
(သတင်းစဉ်)

နောက်တစ်ခုကတော့ ဟိုတစ်လောက ရန်ကုန် ဗိုလ်တထောင်မြို့နယ်မှာ မီးလောင်မှုဖြစ်တဲ့အခါ ဓာတ်ပုံသွားရိုက်တဲ့အခါမှာ ဓာတ်ပုံရိုက်တဲ့ ဓာတ်ပုံဆရာအချို့ အဲဒီညက အဲဒီမြို့နယ်မှာ အစစ်ခံရပါတယ်။ အခုကျွန်တော်တို့ ရန်ကုန်မှာ မီးလောင်မှုတွေကို ဓာတ်ပုံရိုက်ခွင့် ရှိ မရှိ သိချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့စာနယ်ဇင်းတွေ နေပြည်တော်ကို သတင်းလာယူခွင့်ရပြီပေါ့၊ အဲဒီအတွက် နေပြည်တော်ကိုရော ဓာတ်ပုံရိုက်ခွင့်ရှိပါပြီလား၊ အဲဒါသိချင်ပါတယ်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

ပျဉ်းမနားမှာ ရေတွင်းထဲကိုကျပြီးတော့ ဦးလေးနဲ့တူ၊ တူနှစ်ယောက် အသက်အန္တရာယ်ဆုံးရှုံးတဲ့ဟာဖြစ်ပါတယ်။ အဲဒါ ကျွန်တော်တို့ သွားကြည့်တယ်ဆိုတာ Scence of Crimeကို သွားကြည့်တဲ့သဘောပါ။ ခုနကမေးသလိုပဲ ဒီ ၁၃လက်မလောက်ရှိတဲ့ အပေါက်ထဲကိုကျပြီးတော့ နှစ်ယောက်စလုံးသေတယ်၊ သေတဲ့အခါကျတော့ ဒါဟာ ထုံးတမ်းစဉ်လာအရတော့ သူ့မှာ ဒဏ်ရာဒဏ်ချက်မရှိတော့ Inquest ဖြစ်တယ်ပေါ့နော်။ သေမှုသေခင်းဖွင့်တယ်၊ သို့သော်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့လုပ်ငန်းတာဝန်က ဒါသွေးရိုးသားရိုးနဲ့ သေတာလား။ နို့မဟုတ်ရင် တစ်ခုခုပယောဂကြောင့် သေတာလားဆိုတာ စစ်ဆေးဖော်ထုတ်ရတဲ့တာဝန် ကျွန်တော်တို့မှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စဟာ ကျွန်တော်တို့နေပြည်တော်လည်း ဖြစ်နေတယ်။ မြို့လယ်ကောင်မှာဖြစ်နေတဲ့ ကိစ္စဖြစ်နေတော့ ပိုပြီးခိုင်ခိုင်မာမာဖြစ်အောင် ကျွန်တော်တို့ သွားကြည့်တာ ဖြစ်ပါတယ်။

သွားကြည့်တဲ့အခါမှာ လက်ရှိကျွန်တော်တို့တွေ့ထားတဲ့ အခြေအနေအရတော့ ဒီ ၁၃လက်မ ပတ်လည်လောက်ထဲကို ကျဖို့မလွယ်ဘူးဆိုသော်လည်းပဲ ကလေးကတော့ ကျလို့ရပါတယ်။ အဲဒီကလေးကျတဲ့အခါမှာ လူကြီးကဆွဲပြီးတော့ လူကြီးများ ကျသွားသလား၊ ဒီလို ဆုံးဖြတ်သုံးသပ်လိုက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမှုခင်းဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးချက်မှာ သူတို့ တစ်ကိုယ်လုံးမှာပေါ့လေ တစ်ခုခုနဲ့အရိုက်ခံရတဲ့ဟာမျိုး၊ အထိုးခံရတဲ့ဟာမျိုး အဲဒီဒဏ်ရာဒဏ်ချက်မျိုး မတွေ့ဘူး။ သာမန်အောက်ဆီဂျင်ပြတ်လပ်ပြီးတော့ အဆိပ်လိုဟာမျိုး အထဲမှာအနံ့အသက်ကမကောင်းဘူး၊ အဲဒီလိုဟာမျိုးနဲ့ ပတ်သက်ပြီးတော့ အသက်ဆုံးရှုံးသွားရတယ်ဆိုပြီး ဆေးမှတ်ချက်က ဒီလိုပေါ်လာပါတယ်။ သို့သော်လည်းပဲ ဒါကိုတထစ်ချဒီအမှုမှာ အသုံးချတာမျိုးမဟုတ်ဘဲနဲ့ မြေပြင်ကိုဆင်းပြီးတော့ ဖြစ်နိုင်ချေကိုသုံးသပ်နေတဲ့သဘောဖြစ်ပါတယ်။ အခု ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဆက်လက်စုံစမ်းဖော်ထုတ်နေတာဖြစ်ပါတယ်။

နောက်ဒုတိယမေးခွန်းကတော့ မီးလောင်တဲ့အခါမှာ ဓာတ်ပုံရိုက်ခွင့်ရှိပါသလား ပြောပါတယ်။ ဓာတ်ပုံရိုက်တာကတော့ ကျွန်တော်တို့ ကန့်သတ်ဧရိယာတွေ မဟုတ်ဘူးဆိုရင် လုံခြုံရေးနဲ့ တိုက်ရိုက်ဆိုင်တဲ့ဟာတွေ မဟုတ်ဘူးဆိုရင် ဓာတ်ပုံရိုက်ခွင့်ပိတ်တယ်ဆိုတာ ကျွန်တော်တို့မှာ မရှိပါဘူး။ ရိုက်လို့ရပါတယ်။ သို့သော်လည်း ခေါ်ယူစစ်ဆေးမေးမြန်းခံရတယ်ဆိုတာကတော့ ရိုက်တဲ့ပုဂ္ဂိုလ်က ဘယ်လိုအချိန်၊ ဘယ်လိုနေရာမှာ၊ ဘယ်လိုပုံစံမျိုးနဲ့ ရိုက်ခဲ့သလဲဆိုတာ သူ့ကို မေးကြည့်မှပဲ သိမယ်။ သူ့ရဲ့ ရိုက်ပုံ ရိုက်နည်းရှိတာပေါ့လေ။ အဲဒီဟာက လုပ်ရပ်ကိုသော်လည်းကောင်း၊ မီးလောင်မှုဖြစ်တယ်ဆိုရင် အမှုဖွင့်ရတော့မယ်၊ ဒါနဲ့ပတ်သက်ပြီး အရေးယူရတော့မယ်။ အဲဒီအမှုအကြောင်းနဲ့ သက်ဆိုင်များ သက်ဆိုင်နေမလားဆိုတဲ့ သုံးသပ်ချက်ကြောင့် ခေါ်ယူမေးမြန်း

# ဆေးဝါးပေါ်မူတည်ပြီး စမ်းသပ်လို့ အာနိသင်ရှိပြီး ဘေးထွက်ဆိုးကျိုးမရှိဘူးဆိုရင် မှတ်ပုံတင်ထုတ်ပေး

စုံစမ်းခြင်းဖြစ်နိုင်ပါတယ်။ ရိုက်တဲ့ပုဂ္ဂိုလ်မှာ အပြစ်မရှိဘူးဆိုရင် အရေးယူခံရစရာ အကြောင်းမရှိပါဘူး။

နောက်ပြီးတော့ ခုနကပြောတဲ့ နေပြည်တော်မှာရော ရိုက်ခွင့်ရှိပါသလား၊ ကျွန်တော်စောစောကပြောသလိုပါပဲ၊ ကန့်သတ်ဧရိယာတွေမဟုတ်ဘူး၊ ဒီနေရာက ရိုက်လို့မရဘူးလို့ သတ်မှတ်ထားတာမဟုတ်လို့ရှိရင် ရိုက်လို့ရပါတယ်။ တချို့လည်း ဒီကိုလာပြီး ရိုက်ကြတာတွေ ရှိပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့ရဲ့ တချို့နေရာတွေမှာ ဘယ်ဟာကို ရိုက်ချင်တယ်ဆိုတာမျိုးတော့ ရိုက်လို့မရဘူး၊ ဒီသဘောမျိုး ဖြစ်ပါတယ်။

**ဦးဇေယျာမြတ်ခိုင် (ဂီတဂျာနယ်)**

ဆက်လက်ပြီးတော့ ကျန်းမာရေးဝန်ကြီးကို တစ်ခုမေးချင်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ဆေးဝါးတင်သွင်းတဲ့ ကုမ္ပဏီတွေကို HIV ဆေးဝါးတွေကို ဘယ်လိုတင်သွင်းခွင့် လက်ခံထားလဲဆိုတာ အဲဒါလေးသိချင်ပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်**

ကျွန်တော်တို့ ဝန်ကြီးဌာနအောက်မှာ အစားအစာနဲ့ ဆေးဝါးကွပ်ကဲရေး ဌာနရှိပါတယ်။ အဲဒီဌာနမှာ ဆေးဝါးအသစ်သွင်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှာ မူဝါဒလေးတွေရှိပါတယ်။ ဒီဆေးဝါးက သူတို့ပြောတဲ့အတိုင်း ဒီရောဂါနဲ့ ပတ်သက်တဲ့ အာနိသင်ရှိ/မရှိ ကျွန်တော်တို့ စမ်းသပ်ရပါတယ်။ အဲဒီစမ်းသပ်တဲ့ နေရာမှာ ကျွန်တော်တို့မှာ အဖွဲ့ တစ်ဖွဲ့ရှိပါတယ်။ DAC လို့ခေါ်ပါတယ်။ Drug Administrative Committee ရှိပါတယ်။ အဲဒီ ကော်မတီကနေပြီးမှ ဆေးရဲ့အာနိသင် ဟုတ် မဟုတ်၊ ဘေးထွက်ဆိုးကျိုးတွေ ရှိ/မရှိ၊ ဒါလေးတွေ ကြည့်ပြီးတဲ့အခါမှသာလျှင် ကျွန်တော်တို့အနေနဲ့ ဒီဆေးဝါးက သင့်တော်တယ်။ ဘေးထွက်ဆိုးကျိုး မရှိဘူးဆိုတာ ထောက်ခံချက်ပေးပြီးတော့ အဲဒီလို ထောက်ခံချက် ပေးပြီးသွားလို့ရှိရင် သက်ဆိုင်ရာ ဆေးဝါးသွင်းတဲ့ ကုမ္ပဏီကနေ သွင်းမှာဖြစ်ပါတယ်။

အဲဒီဆေးဝါးသွင်းတဲ့အခါမှာ သွင်းတဲ့ဆေး မှန် မမှန်ဆိုတာလည်း ကျွန်တော်တို့မှာ ဆေးဝါးတင်သွင်းတဲ့ အဖွဲ့ရှိပါတယ်။ အဲဒီအဖွဲ့က ဈေးနှုန်းမှန် မမှန်ဆိုတာ မှန်းဆပြီး ကျွန်တော်တို့ဆီ အကြောင်းပြန်ခိုင်းပါတယ်။ ဒါမှန်ရင် ကျွန်တော် လက်မှတ်ထိုးပေးပါတယ်။

မူကတော့ အဲဒီလိုရှိပါတယ်။ ဘာမှကန့်သတ်ချက်မရှိပါဘူး။ ဆေးဝါးပေါ်ကိုမူတည်ပြီး စမ်းသပ်တယ်၊ စမ်းသပ်လို့ ဒီအာနိသင်ရှိတယ်၊ ဘေးထွက်ဆိုးကျိုး မရှိဘူးဆိုရင် ဒီဆေးဟာဖြင့် တင်သွင်းလို့ရတယ်ဆိုပြီး မှတ်ပုံတင်ထုတ်ပေးတာရှိပါတယ်။ သူ့ဟာသူ သွင်းတာကတော့ ကျွန်တော်တို့ ကုန်သွယ်ရေးမှာရှိတဲ့ ဆေးဝါးတင်သွင်းရေးအဖွဲ့ ရှိတယ်၊ အဲဒီအခါမှာ ဈေးနှုန်း သင့်တော်၏၊ မသင့်တော်၏ ရေးပြီးတော့မှ ကျွန်တော့်ဆီ ပြန်လာတော့ ကျွန်တော် ပြန်အတည်ပြုပေးတယ်၊ ဒါဆိုရှင်းလိမ့်မယ်လို့ ကျွန်တော်ထင်ပါ တယ်။

**ဦးအောင်လှထွန်း (ရိုက်တာ)**

မင်းကိုနိုင်နဲ့လေးယောက်ကို Remanded under courtesy ရမန်နှစ်ခါ သူယူထားပြီလို့ သိရပါတယ်။ Section 5 J ပေါ့။ အရေးပေါ်စီမံမှု ဥပဒေအရ ကျွန်တော် သိချင်တာကတော့ သူတို့ကို အရေးယူမလား၊ တရားရုံး တင်ပြီးပြီလား၊ ဒါမှမဟုတ် ရုံးတင်မှာလား။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

မင်းကိုနိုင်နဲ့ (၈၈)မျိုးဆက်ကျောင်းသားအဖွဲ့က ငါးဦး ယခင်သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြတဲ့အတိုင်းပဲ နိုင်ငံတော်အစိုးရအနေနဲ့ လုံခြုံရေးနဲ့ ဖောက်ခွဲဖျက်ဆီးရေးကိစ္စနဲ့ ဆက်စပ်ပြီးတော့ ခေါ်ယူမေးမြန်းနေတာ ဖြစ်ပါတယ်။ ခုချိန်ထိလည်း ခေါ်ယူမေးမြန်းဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ လူတစ်ယောက်ကို မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ တားဆီးခြင်းမဟုတ်ဘူး ဆိုတဲ့သဘောနဲ့ ရမန်ဆက်ပြီးယူထားတဲ့ သဘောဖြစ်ပါတယ်။ သူနဲ့ ပတ်သက်လို့ အရေးယူမလား၊ မယူဘူးလားဆိုတာကတော့ အခုချိန်ထိ ခုန ကျွန်တော်ပြောတဲ့ လုံခြုံရေးနှင့် ဖောက်ခွဲဖျက်ဆီးရေးကိစ္စနဲ့ပတ်သက်ပြီးတော့ မေးမြန်းဆဲဖြစ်တဲ့ အတွက်ကြောင့် အရေးယူခြင်း၊ မယူခြင်းကတော့ ပါဝင်ပတ်သက်တဲ့ အတိုင်းအတာပေါ် မူတည်ပြီးတော့ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အသိပေးသင့်တဲ့ အချိန်ရောက်လို့ရှိရင် တရားဝင်အသိပေး ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

**ဦးအောင်သူမြိုင် (ဂျီဂျီသတင်းဌာန)**

ပထမဦးစွာ ပညာရေးဝန်ကြီးကို ကျွန်တော်မေးလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးအဆင့်အတန်းဟာ နိုင်ငံတကာမှာ ဘယ်လောက်အဆင့် သတ်မှတ်ခံရပါသလဲ။ ဌာနတွင်း Corruption ရှိပါသလား။ ရှိရင် အရေးယူဖို့ စီမံထားမှု ရှိပါသလား။

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း**

ကျွန်တော်တို့ ပညာရေးရဲ့အဆင့်အတန်းဟာ ကျွန်တော့် Report ထဲမှာလည်း ပါပါတယ်။ အခြေခံမှာရော၊ အဆင့်မြင့်ရော နိုင်ငံတကာအဆင့်အတန်းမီအောင် ကျွန်တော်တို့လုပ်နေပါတယ်၊ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ Teaching မှာလည်း ပါပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်မှာလည်း ပါပါတယ်။ ကျွန်တော်တို့အခြေခံပညာကဏ္ဍမှာ မူလတန်းမှစပြီး ၁၀ တန်း၊ တက္ကသိုလ်ဝင်တန်းအထိ အဆင့်မြင့်အောင် ဆရာတွေ Training ပေးတယ်။

ကျွန်တော်ရှင်းပြတဲ့အထဲထဲမှာလည်း ပါပါတယ်။ Curricular တွေ Syllabus တွေ နှစ်စဉ် Upgrade လုပ်နေတယ်။ ဆရာတွေကို Fresher Post တွေ လုပ်တယ်။ လက်မှတ်မဲ့ဆရာတွေကို လက်မှတ်ရအောင် ကျွန်တော်တို့ ပြုလုပ်နေပါတယ်။ ထိုနည်းတူ တက္ကသိုလ်ဆရာတွေကိုလည်း တက္ကသိုလ်တွေမှာ သုတေသနတွေ လုပ်ခိုင်းတယ်။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ခိုင်းတယ်။ ကျွန်တော်တို့ နိုင်ငံတကာအဆင့်ကို မြှင့်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ပညာရေးအဆင့်အတန်းဟာ တစ်နေ့ထက်တစ်နေ့ မြင့်လာပါပြီ။ တစ်ချိန်ကျရင်တော့ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ Regional Level, International Level ကို ရမှာပါပဲ။

နောက်တစ်ခုကတော့ ဆရာတွေ Corruption ရှိတယ်။ ဆရာတွေ Corruption ဆိုတာ နှစ်ခုရှိပါတယ်။ ကျူရှင်ပေးတာရှိတယ်၊ တခြားကိစ္စတွေရှိနိုင်တယ်။ကျွန်တော်သိသလောက် ကျွန်တော်ဝန်ကြီးဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဒါတွေကို ပြတ်ပြတ်သားသား နှိမ်နင်းနေပါတယ်။ ဆက်လက်လည်း အရေးယူလျက်ရှိပါတယ်။ သို့သော် ပညာရေးဝန်ထမ်းရဲ့အင်အားသည် ဆရာ ဆရာမပေါင်း နှစ်သိန်းခွဲရှိပါတယ်။ အခြေခံကဏ္ဍမှာ၊ အဆင့်မြင့်ကဏ္ဍမှာ တစ်သောင်းကျော်ရှိပါတယ်။ ဒီထဲမှာ တစ်ယောက် နှစ်ယောက်ဖောက်တာကို တွေ့ရင်တွေ့သလောက် အရေးယူနေပါတယ်။ စည်းကမ်းလည်းတက်လာပါပြီ။ ဆရာ ဆရာမတွေရဲ့စည်းကမ်း၊ ကျောင်းသားတွေရဲ့စည်းကမ်းအကုန်လုံး တက်နေပါပြီလို့ ကျွန်တော်ဖြေကြားချင်ပါတယ်။

**ဦးကိုကို (Flower News Journal)**

မြန်မာနိုင်ငံမှာ အဖြစ်အများဆုံး ရောဂါသုံးမျိုးကို သိပါရစေ၊ ဘယ်လို တိုက်ဖျက်မှုပြုဖို့ စီမံကိန်းများရှိပါသလဲ။ ပြီးတော့ ဌာနတွင်း Corruption ရှိပါသလား။ ရှိရင်ဘယ်လိုကာကွယ်ပါမလဲ၊ အဲဒါလေးသိပါရစေ။

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်**

ခုနကမေးခွန်းက အဖြစ်များဆုံး ရောဂါသုံးမျိုး။ ဒီလိုအဖြစ်အများဆုံးဆိုတာ ရာသီအလိုက်ဖြစ်တာလည်းရှိပါတယ်။ ဥပမာ– မိုးတွင်းရာသီဆိုရင် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရေကနေပြီးတော့ ဖြစ်တဲ့ရောဂါ၊ ဒါမျိုးတွေရှိပါတယ်။ သို့သော်ငြားလည်း ခုနကကျွန်တော်ပြောတဲ့အတိုင်းပဲ နိုင်ငံတော်အနေနဲ့ကတော့ ဦးစားပေးရောဂါပေါ့၊ ဦးစားပေးလည်းဖြစ်တယ်၊ အဓိကရောဂါလည်း ဖြစ်တယ်၊ Disease of National Concern ပေါ့။ ခုနကပြောတဲ့ HIV/AIDS၊ ငှက်ဖျား(Malaria)၊နောက်ပြီးတော့ TB ရောဂါ၊ အဲဒီဟာမျိုး သုံးခုကတော့ နိုင်ငံတော်ဦးစားပေး အဆင့်အတန်းရှိပါတယ်။ ဒါပေမဲ့ တခြားရောဂါ ဝမ်းပျက်ဝမ်းလျှောရောဂါတွေလည်းရှိမယ်၊ အသည်းရောင် အသားဝါရောဂါ တွေလည်း ရှိမယ်။

နောက်တစ်ခုက ဌာနတွင်း Corruption ပေါ့၊ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ဌာနလည်း အထိုက်အလျောက်တော့ရှိပါတယ်။ ဒီလိုတစ်ခါတစ်ရံ ဌာနကင်းကွာသွားတာလေးတွေလည်းရှိတယ်။ တစ်ခါတစ်ရံ လူနာဆီက ပိုက်ဆံကို မတရားတောင်းတာမျိုးလေးတွေလည်း ရှိချင်ရှိမယ်။ ဒါမျိုးတွေကိုတော့

စာမျက်နှာ ၁၂ ကော်လံ ၁

# ဦးတည်ချက်(၁၂)ရပ်အောင်မြင်အောင် ဆောင်ရွက် စိုက်ပျိုးမွေးမြူရေးမြေလွတ်မြေလပ်မကျန်စိုက်ပျိုးမွေးမြူ

ရန်ကုန် နိုဝင်ဘာ ၃၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပဲခူးတပ်နယ်ရှိ ဒေသခံတပ်ရင်းကြက်ခြံသို့ရောက်ရှိရာ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က တပ်များ၏ကြက်မွေးမြူရေးအခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ရာသီသီးနှံပင်စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းပြပြီး မွေးမြူစိုက်ပျိုးထားမှုများကို လိုက်လံပြသရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကြည့်ရှုစစ်ဆေးပြီး ယခုထက်ပိုမိုအောင်မြင်အောင် မွေးမြူစိုက်ပျိုးကြရေးမှာကြားသည်။**

**ရှင်းလင်းတင်ပြ**

ဆက်လက်ပြီး တပ်မဌာနချုပ်မှ မွေးမြူထားသည့် အသားတိုးဝက် ၁၀၅ ကောင် မွေးမြူရေးခြံသို့ရောက်ရှိလာရာ တပ်မမှူးက ဝက်မွေးမြူရေး အောင်မြင်ဖြစ်ထွန်းမှုများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဝက်မွေးမြူရေးကို တပ်နယ်တစ်ခုလုံး တိုးချဲ့မွေးမြူရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တပ်မဌာနချုပ်၌ စမ်းသပ်စိုက်ပျိုးထားသည့် ကြက်သွန်နီစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

**စိုက်ပျိုး**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကြက်သွန်နီ စမ်းသပ်စိုက်ပျိုးမှု အောင်မြင်ပါက ပဲခူးတပ်နယ်တစ်ခုလုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ညနေ ၃ နာရီတွင် တပ်မဌာနချုပ်ရှိ ရန်ငြိမ်းအေးခန်းမ၌ ပဲခူးတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် မိသားစုများအားတွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားလျက် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ တပ်မိသားစုသက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကို မြေလွတ်မြေလပ်မကျန် စိုက်ပျိုးမွေးမြူသွားရန် မှာကြားပြီး စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**





## အမှာစကားပြောကြား

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပဲခူးတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များနှင့် မိသားစုများအား အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# မန္တလေးဗဟိုအကျဉ်းထောင်၌ သောက်ရေသန့်စက်ရုံပန္နက်တင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မန္တလေးဗဟိုအကျဉ်းထောင်ရှိ အကျဉ်းသားများ၊ အချုပ်သားများ၊ ထောင်ဝင်စာတွေ့သူများနှင့် အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ နေ့စဉ်သောက်ရေသန့် အလုံအလောက် သောက်သုံးနိုင်ရန်အတွက် ငွေကျပ်သိန်း ၄၀၀ ကျော် အကုန်အကျခံဆောက်လုပ်မည့် သောက်ရေသန့်စက်ရုံ ရွှေပန္နက်တော်တင် အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်တွင် မန္တလေး ဗဟိုအကျဉ်းထောင် အတွင်း၌ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးညီစိုး၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ အလှူရှင်များ၊ တိုင်းရဲတပ်ဖွဲ့မှူး၊ သတင်းတပ်ဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြသွင်နှင့် ဦးစီးအရာရှိများ၊ ပြစ်ဒဏ်ကျ အမျိုးသား၊ အမျိုးသမီး အဆောင်တာဝန်ခံများ တက်ရောက်ကြသည်။

**ရွှေပန္နက်တော်တင်**

အခမ်းအနား၌ မင်္ဂလာအချိန်တွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ထောင်အုပ်စု ညွှန်ကြားရေးမှူး၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ တိုင်းရဲတပ်ဖွဲ့မှူး၊ သတင်းတပ်ဖွဲ့နှင့်အထူးစုံစမ်းစစ်ဆေးရေးဌာနတို့မှ တာဝန်ရှိသူများနှင့် မန္တလေး ဗဟိုအကျဉ်းထောင် သောက်ရေသန့်စက်ရုံနှင့် ရေလောင်းအိမ်သာ အလှူရှင် ဦးအောင်မြတ် (Mother Trading Co., Ltd.)၊ ညောင်ဦးထောင် သောက်ရေသန့်စက်ရုံ အလှူရှင်ဦးထွန်းဝင်း(Step အထည်ချုပ်လုပ်ငန်း)၊ မြင်းခြံထောင်သောက်ရေသန့်စက်ရုံအလှူရှင် ကျော်သာကုမ္ပဏီက ဦးဝင်းလွင်၊ မြင်းခြံထောင်နှင့် ညောင်ဦးထောင် ရေလောင်းအိမ်သာ အလှူရှင် ဒေါက်တာမောင်မောင်အေး (မိုးဟိန်းကုမ္ပဏီ)တို့က သတ်မှတ်နေရာများ၌ ရွှေပန္နက်တော်များကို တင်ပေးကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က သောက်ရေသန့်စက်ရုံနှင့်ရေလောင်းအိမ်သာ အလှူရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

**ဆောက်လုပ်လှူဒါန်းမည်**

အလှူရှင် ဦးအောင်မြတ်( Mother Trading Co., Ltd.)သည် အင်းစိန်ဗဟိုအကျဉ်းထောင်၌ ငွေကျပ် ၄၃၇ သိန်း အကုန်အကျခံကာ သောက်ရေသန့်စက်ရုံကို တည်ဆောက်လှူဒါန်းခဲ့ပြီး မန္တလေး ဗဟိုအကျဉ်းထောင်၌ သောက်ရေသန့်စက်ရုံနှင့် ရေလောင်းအိမ်သာတို့ကို ငွေကျပ် သိန်း ၆၀၀ ကျော် အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနအောက်ရှိ အကျဉ်းထောင်များ၌ သောက်ရေသန့် စက်ရုံနှင့် ရေလောင်းအိမ်သာတို့ကို လှူဒါန်းလိုသူများသည် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ဆက်သွယ်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၃၀ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင် သမ္မတနိုင်ငံတို့၏ နှစ် (၅၀) မြောက် ချစ်ကြည်ရေးအထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E Mme. Phoebe A. Gomez ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

***စာမျက်နှာ ၁၁ မှ***

ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးလုပ်ပြီးတော့ သူရဲ့ပြစ်မှုပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့အပြစ်ပေးပါတယ်။ တော်ရုံတန်ရုံအပြစ်ဆိုရင် ဌာနပြောင်းသွားတာရှိတယ်။ သိပ်ပြီးတော့ ပြစ်မှုကျူးလွန်ရင်တော့ ဝန်ကြီးဌာနကနေပြီးတော့ထုတ်ပစ်လိုက်တဲ့ အဆင့်ထိရှိပါတယ်။

**ဦးကိုကို (Flower News Journal)**

ရဲချုပ်ကြီးကိုမေးချင်ပါတယ်။ မြန်မာနိုင်ငံမှာ အဖြစ်အများဆုံး အမှုသုံးမျိုးသိပါရစေ။ ဒုတိယက နိုင်ငံရေးအကျဉ်းသား မြန်မာနိုင်ငံမှာ ရှိပါသလား။ နိုင်ငံရေးအကျဉ်းသားကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုပါသလဲ။ နောက်ဆုံးကတော့ ပြည်ထဲရေးဝန်ကြီးဌာနအတွင်းမှာ Corruption ကိစ္စမျိုး ရှိပါသလား။ ဘယ်လိုတားဆီး ကာကွယ်ဖို့ စီမံထားပါသလဲ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ**

မြန်မာနိုင်ငံအတွင်းမှာ အဖြစ်အများဆုံး အမှုများနဲ့ပတ်သက်လို့ တင်ပြရရင် ကျွန်တော်တို့ရဲ့ နှစ်စဉ် Annual Report ပေါ့လေ၊ အဲဒီရဲ့ Analysis သုံးသပ်ခွဲခြမ်းစိတ်ဖြာကြည့်ချက်အရ အဖြစ်အများဆုံးအမှုဟာ လူသတ်မှုဖြစ်ပါတယ်။ အဲဒီဟာကလည်း ကြိုတင်စီစဉ်ထားတဲ့ လူသတ်မှုမျိုးမဟုတ်ဘဲနဲ့ ရုတ်ချည်း ပြဿနာတစ်ခုအပေါ်မှာ ရှင်းကြလင်းကြရင်းနဲ့ ဒေါသကိုမထိန်းနိုင်လို့သတ်တဲ့ ပြစ်မှုမျိုးဖြစ်ပါတယ်။

ဒုတိယပြစ်မှုကတော့ ခိုးမှု ငါးမှု၊ ရိုးရိုးခိုးမှုပေါ့။ အသေးအဖွဲလေးတွေ၊ ဖောက်ထွင်းမှုလို့ မဆိုသာတဲ့ ခိုးမှုများ၊ ဒါအဖြစ်များပါတယ်။ တတိယအမှုကတော့ နာကျင်မှုဖြစ်ပါတယ်။ အဲဒါကတော့ စက်ဘီးတိုက်တာတို့၊ ကားတိုက်တာတို့၊ တစ်နိုင်ငံလုံး Figure နဲ့ ကြည့်ရင် စောစောကပြောတဲ့ လူသတ်မှုသည် အများဆုံးဖြစ်ပါတယ်။ ခိုးမှုသည် ဒုတိယအများဆုံးဖြစ်ပါတယ်။ ခိုးမှုရိုးရိုးခေါ်ပါတယ်။ နောက်တစ်ခုက နာကျင်မှုပါ၊ တတိယအများဆုံးဖြစ်ပါတယ်။

နောက်တစ်ခုက နိုင်ငံရေးအကျဉ်းသား၊ ကျွန်တော်တို့နိုင်ငံမှာတော့ ကျွန်တော်တို့အမြဲတမ်းတင်ပြနေသလိုပဲ နိုင်ငံရေးအကျဉ်းသားဆိုပြီး သတ်မှတ်ထားတဲ့ နိုင်ငံရေးအကျဉ်းသားမရှိပါဘူး။ အဲဒီတော့ နိုင်ငံရေးပါတီတစ်ခုခုနဲ့ ဆက်နွယ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သာမန်ပြည်တွင်းဥပဒေတစ်ခုခုကို ချိုးဖောက်မိလို့၊ သာမန်ပြစ်မှုမျိုးကိုချိုးဖောက်မိလို့ အကျဉ်းချထားတာပဲ ရှိပါတယ်။ ထို့ကြောင့် ကျွန်တော်တို့အကျဉ်းစခန်းထဲမှာ ရှိနေတဲ့ပုဂ္ဂိုလ်များကို နိုင်ငံရေးအကျဉ်းသားလို့ သတ်လည်းမသတ်မှတ်ပါဘူး၊ မရှိဘူးလို့ပဲ စဉ်ဆက်မပြတ်ဒီလိုပဲပြောခဲ့ပါတယ်။

တတိယအချက်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှာ Corruption ရှိနိုင်သလား။ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရယ်၊ အကျဉ်းဦးစီးဌာနရယ်၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနရယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရယ် ဌာနလေးခုရှိပါတယ်။ Corruption ရှိနိုင်ပါတယ်၊ အဲဒီလို ရှိလို့လည်း အခုပြည်ထဲရေးဝန်ကြီးကနေပြီးတော့ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၈ ရက်လို့ အောက်မေ့ပါတယ်။ ကျွန်တော် ရက်တော့သိပ်မသေချာပါဘူး။ အဲဒီမှာပဲ သတင်းစာထဲမှာ အခုလို ဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများအနေနဲ့ Corruption ကိစ္စများရှိရင် ဝန်ထမ်းများနဲ့ပတ်သက်ပြီးတော့ ပြောစရာ ဆိုစရာ တိုင်ကြားစရာများရှိရင် တိုင်ကြားနိုင်ပါတယ်လို့ ကျွန်တော်တို့ဖွင့်ပေးလိုက်တဲ့အခါမှာ ကျွန်တော်တို့ဆီကို တိုင်ကြားစာတွေရောက်ပါတယ်။

တော်တော်များများကတော့ ခုနကျွန်တော်ပြောသလို ကျွန်တော်တို့ ရဲတပ်ဖွဲ့နဲ့ဆိုင်တဲ့ဟာဆိုရင် Corruption အချို့ပဲ ပါပါတယ်။ တချို့တစ်ဝက်ကတော့ ဥပမာ တရားခံနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေက သူတို့အမှုတွေ မပေါ်သေးလို့၊ တရားခံကို ဖမ်းမပေးနိုင်သေးလို့ ဒါတွေ တွန်းအားပေးပြီး ခိုင်းပေးဖို့ဆိုတဲ့ဟာတွေက နည်းနည်းပိုပြီးများပါတယ်။ Corruption လည်း အထိုက်အလျောက်ရှိပါတယ်။ အဲဒီလို Corruption ရှိလာရင် ကျွန်တော်တို့ ဝန်ကြီးဌာနကတော့ အမှုအကြီးအသေးပေါ်မူတည်ပြီး အနည်းဆုံး ညွှန်ကြားရေးမှူးအဆင့်ပါတဲ့ စုံစမ်းစစ်ဆေးရေးခုံရုံးဖွဲ့ပြီးတော့ စစ်ဆေးပါတယ်။ ထင်ရှားတယ်ဆိုရင် ထောင်ချထုတ်ပစ်တဲ့အထိအရေးယူပါတယ်။ အရေးယူတဲ့သာဓကများလည်း ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနမှာ ရှိပါတယ်။

**ဦးကိုကို (Flower News Journal)**

နောက်ဆုံးပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုပါပဲ။ ပညာရေးနဲ့ပတ်သက်တဲ့ မေးခွန်းကတော့ အခုတလောသတင်းထွက်တာက နိုင်ငံတော်မှာအရေးကြီးတဲ့ ကိစ္စတွေရှိလို့ လာမယ့် ၂၀၀၇ နှစ်ဆန်းမှာလုပ်မယ့် အခြေခံပညာစာမေးပွဲတွေကို စောလုပ်မယ် ဆိုတဲ့ အသံတွေထွက်ပါတယ်။ ခါတိုင်းလုပ်တာထက် စောလုပ်မယ်ဆိုတာ အဲဒါ ဟုတ်မဟုတ် သိချင်ပါတယ်။

ကျန်းမာရေးနဲ့ပတ်သက်တဲ့မေးခွန်းကတော့ ပုဂ္ဂလိကဆေးခန်းတွေ၊ ဆေးရုံတွေနဲ့ပတ်သက်တဲ့ တချို့သောလူနာရှင်တွေက ပြောကြဆိုကြတဲ့ဟာတွေ၊ ဆက်ဆံရေးတွေ၊ ဝန်ဆောင်မှုတွေ၊ ဒီအခက်အခဲတွေလည်း ကျွန်တော် ထင်ပါတယ် ကျန်းမာရေးဝန်ကြီးအနေနဲ့လည်း ကြားသိပြီးဖြစ်ပါလိမ့်မယ်ဆိုတော့ ဒီပုဂ္ဂလိကဆေးရုံ၊ဆေးခန်းတွေ၊ပုဂ္ဂလိကဆေးခန်းတွေရဲ့ အနေအထားဘယ်လိုများ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ထိန်းချုပ်ထားပါသလဲ။ အဲဒါနဲ့ပတ်သက်လို့ ဥပဒေကော ရှိပါသလား၊ အရေးယူဆောင်ရွက်မှုများရှိ ပါသလား၊ အဲဒါသိချင် ပါတယ်ခင်ဗျာ။

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း**

ကျွန်တော်တို့နိုင်ငံမှာ တော်တော်အနှောင့်အယှက်ပေးတာ ကောလာဟလပဲဗျ။ အဲဒီတော့ ဒီကောလာဟလတွေကို သတင်းစာရှင်းလင်းပွဲမှာ လာလာမေးတော့လည်း ကျွန်တော်တို့လည်း ဖြေဖြေပြီးတော့ ရှင်းရှင်းနေရတာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနတင်မဟုတ်ပါဘူး။ ဘာပဲလုပ်လုပ် ကျွန်တော်တို့ တရားဝင်ကြေညာပါတယ်။ အကုန်လုံး တရားဝင်ကြေညာပါတယ်။ ဘယ်တော့မှကပ်ပြီး မကြေညာဘူး။ တရားဝင်ကြေညာနေတဲ့ကိစ္စပါ။ ကျွန်တော်တို့ပြောချင်တာက ဘာပဲလုပ်လုပ် ကျွန်တော်တို့ Ministry of Education မှာပဲဖြစ်ဖြစ်၊ ဘယ်မှာပဲဖြစ်ဖြစ် တရားဝင်လုံလောက်သော အချိန်ပေးပြီးတော့ တရားမျှတစွာနဲ့ စည်းမျဉ်းစည်းကမ်း ဥပဒေအတွင်းက ဆောင်ရွက်လေ့ရှိတဲ့အကြောင်း ကျွန်တော်ပြန်ကြားလိုပါတယ်။

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်**

ပုဂ္ဂလိကဆေးခန်းတွေ၊ ဆေးရုံတွေမှာ ဝန်ဆောင်ခများတာတွေ၊ ဆေးတို့ဘာတို့နဲ့ ပတ်သက်ပြီးတော့ လူနာတွေဆီကကြားတာတွေ ဒါတွေမှန်ပါတယ်။ ကျွန်တော်တို့လည်းကြားနေရပါတယ်။ ဒီပုဂ္ဂလိက ဆေးခန်းလေးတွေရှိတယ်။ ဆေးရုံကြီးတွေလည်းရှိတယ်။ ဝန်ဆောင်မှုနဲ့ပတ်သက်တာတွေ၊ ဒီကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်တာတွေ အားနည်းမှုတွေရော၊ ဝန်ဆောင်ခများတာတွေရော ကျွန်တော် ခဏခဏကြားပါတယ်။ ဒါတွေကို ဘယ်လိုလုပ်ပြီးတော့ အရေးယူမလဲဆိုတာ ကျွန်တော့်အနေနဲ့ တင်ပြပါမယ်။ အဲဒါအလွန်ကောင်းတဲ့မေးခွန်းပါ။ ကျွန်တော်တို့ အခု များမကြာမီကာလမှာ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံနဲ့ပတ်သက်ပြီးတော့ ဥပဒေထွက်ပါတော့မယ်။ ဒီဥပဒေ ထွက်သွားလို့ရှိရင် ခုနကမေးခွန်းတွေဟာ သူ့ဟာသူအလိုအလျောက် အဖြေထွက်သွားမှာဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ။ **(သတင်းစဉ်)**

စာမျက်နှာ ၈ မှ

- **မန္တလေးဗဟိုအကျဉ်းထောင်၊မြင်းခြံအကျဉ်းထောင်၊ မော်လမြိုင်အကျဉ်းထောင်၊ မြောင်းမြအကျဉ်းထောင်၊ ဘူးသီးတောင်အကျဉ်းထောင်၊ လှိုင်ကော်အကျဉ်းထောင်နှင့် တောင်ကြီးအကျဉ်းထောင်တို့မှာလည်း ရေသန့်စက်ရုံလှူဒါန်းမယ့် အလှူရှင်များရရှိနေပြီဖြစ်တဲ့အတွက် မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးတော့မှာ ဖြစ်တယ်လို့ သိရပါတယ်။**
- **အကျဉ်းသူ၊ အကျဉ်းသားများဟာ သမံတလင်းပေါ်မှာ အိပ်စက်ရတယ်ဆိုပြီး လွဲမှားစွာ စွပ်စွဲမှုများရှိနေခဲ့သော်လည်း အိပ်ဆောင်၊ အိပ်ခန်းများမှာ သစ်သားကွပ်ပျစ်များ ခင်းပေးထားသလို အအေးပိုင်းဒေသများမှာရှိတဲ့ အကျဉ်းသားများအတွက် အနွေးထည်နဲ့ စောင်များကို လုံလောက်စွာ ထုတ်ပေးထားကြောင်းနဲ့ အကျဉ်းသားများ ရေချိုးရန်နဲ့ အဝတ်လျှော်ဖွပ်ရန်အတွက် ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးထားသည့်အပြင် အဝတ်လျှော်ဖွပ်ရန်နဲ့ ရေချိုးရန်အတွက် ဆပ်ပြာကို အပတ်စဉ်ပုံမှန် ထုတ်ပေးထားကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။**

လက်တွေ့အခြေအနေမှာ ကျွန်တော်စောစောက တင်ပြခဲ့သလို အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်အသီးသီးရဲ့ စားသောက်မှု ဆောင်ရွက်ချက်များနဲ့ ပတ်သက်လို့ အကျဉ်းသား၊ အချုပ်သားများရဲ့ နေထိုင်စားသောက်မှုစရိတ်၊ ထိန်းသိမ်းမှုစရိတ်များကို နိုင်ငံတော်ကနေ ခွဲဝေချပေးထားတဲ့ ရန်ပုံငွေအပြင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းသားများ လုပ်အား အသုံးပြုရေးလုပ်ငန်းရန်ပုံငွေများနှင့်ပါ ပေါင်းစပ်ပြီး အကျဉ်းဦးစီးဌာန အစီအစဉ်များနဲ့ ဖြည့်စွက်ထောက်ပံ့ ကျွေးမွေးလျက်ရှိပါတယ်။ ဒါ့အပြင် ပြင်ပက လူမှုရေးအဖွဲ့အစည်းများဖြစ်တဲ့ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ မီးသတ်တပ်ဖွဲ့စတဲ့ အဖွဲ့အစည်းများ၊ ပြင်ပစေတနာရှင်ပုဂ္ဂိုလ်များကလည်း အကျဉ်းထောင်၊ အကျဉ်းစခန်းများကို ဝင်ရောက်ပြီး စေတနာထက်သန်စွာနဲ့ လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြကြောင်းလည်း တွေ့ရှိရပါတယ်။

ဒီလိုဖြည့်ဆည်းကူညီမှုတွေကြောင့်လည်း နေ့စဉ်ပုံမှန်အာဟာရပြည့်ဝစွာ ချက်ပြုတ်ကျွေးမွေးနိုင်ခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုတို့ကို အပြည့်အဝရရှိစေခြင်း၊အားလပ်ချိန်များမှာအပန်းဖြေအနားယူနိုင်ခြင်း၊စာအုပ်စာပေတွေကိုဖတ်ရှုခွင့်ရခြင်း၊ကိုယ်လက်လှုပ်ရှားကစားရခြင်း၊မိသားစုနဲ့အဆက်အသွယ်မပြတ်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ဒီနေ့အကျဉ်းသားများရရှိခံစားနေကြရပြီဖြစ်ပါတယ်။

လူမှုရေးအဖွဲ့အစည်းများနဲ့ ပုဂ္ဂလိကစေတနာရှင်များကလည်း အကျဉ်းသား၊ အချုပ်သားတွေကို ယခုလိုကူညီစောင့်ရှောက်ရခြင်းကို မြန်မာနိုင်ငံသားတွေပီပီ အထူးကျေနပ်အားရလျက်ရှိကြပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်အတွက် ရေသန့်စက်လှူဒါန်းခဲ့တဲ့ အလှူရှင်တစ်ဦးဟာ အကျဉ်းသားများအပေါ် သဒ္ဓါတရားပိုမိုထက်သန်လာပြီး သာယာဝတီအကျဉ်းထောင်ကိုလည်း ရေသန့်စက် ထပ်မံလှူဒါန်းခဲ့ပါတယ်။ အလားတူ လားရှိုးအကျဉ်းထောင်မှာလည်း အလှူရှင်တစ်ဦးက အကျဉ်းသူတွေကို သန့်ရှင်းစင်ကြယ်တဲ့ ဘဝဖြစ်စေလိုတယ်ဆိုတဲ့ဆန္ဒနဲ့ အမျိုးသမီးဆောင်အတွက် ငွေကျပ်၁၅သိန်းတန် ရေသန့်စက်တစ်လုံးလှူဒါန်းခဲ့တယ်ဆိုတဲ့အချက်တွေဟာ အကျဉ်းသားတွေအပေါ်ခွဲခြားဆက်ဆံမှုလုံးဝမရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိစိတ်ရင်းကို ဖော်ညွှန်းပြသနေခြင်းပဲဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှာ အကျဉ်းထောင်၄၂ခုနဲ့ အလုပ်စခန်း၉၁ခုရှိတဲ့အနက် အကျဉ်းထောင်၄၂ခုနဲ့ အလုပ်စခန်းခုနစ်ခုတို့ကို မြန်မာနိုင်ငံလူမှုရေးအဖွဲ့အစည်းအသီးသီးက ၂၀၀၅ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ခုနှစ် နိုဝင်ဘာလအထိ ဝင်ရောက်ကြည့်ရှုလေ့လာပြီး အကျဉ်းသား၊ အချုပ်သားများနဲ့တွေ့ဆုံကာ လိုအပ်ချက်များကို ဖြည့်ဆည်း လှူဒါန်းခဲ့ကြပါတယ်။ အစားအသောက်၊ လူသုံးကုန်ပစ္စည်း၊ ဆေးဝါး၊ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းများနဲ့ အခြားလိုအပ်တဲ့ ပစ္စည်းများအပါအဝင် စုစုပေါင်း ကျပ်သိန်း၇၅၀ကျော် (၇၅၅၂၀၇၈၇)ဖိုးအထိ လှူဒါန်းထောက်ပံ့ခဲ့ကြပါတယ်။ သတင်းစာဆရာကြီးနဲ့ ဧည့်သည်တော်ကြီးများမြင်သာအောင် ဘုတ်တွေမှာ ပြထားပြီး ဖြစ်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနဟာ ကိုလိုနီစရိုက်ကိုဖျောက်နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးကို စောင့်ရှောက် ဆိုတဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဆောင်ပုဒ်နဲ့အညီ အကျဉ်းသားများအပေါ် အခြေအနေ အချိန်အခါနဲ့ညီညွတ်မှုရှိတဲ့ အမိန့်နဲ့ ညွှန်ကြားချက်များ၊ ထောင်လက်စွဲစာအုပ်၊ Jail Manual များအတိုင်း ရသင့်တဲ့အခွင့်အရေးများ အပြည့်အဝပေးပြီး စည်းကမ်းနဲ့အညီ ထိန်းသိမ်းအုပ်ချုပ်လျက်ရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အထက်ရဲ့ မူဝါဒနဲ့ဆန့်ကျင်ပြီး အကျဉ်းသားများအပေါ် ခက်ထန်မောက်မာစွာ ဆက်ဆံသူ၊ ရိုင်းပျစွာဖိနှိပ်သူ၊ ညဉ်းပန်းနှိပ်စက်သူများရှိပါကလည်း တာဝန်ရှိသူများနှင့်တကွ ပြည်ထဲရေးဝန်ကြီးဌာနသို့ပါ တိကျစွာ ဖော်ပြတိုင်ကြားနိုင်ကြောင်းကိုပါ သတင်းစာတွေမှာ ထည့်သွင်းပြီး အတိအလင်းကြေညာထားပြီး ဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒါတွေဟာ ဥပဒေရဲ့အထက်မှာ ဘယ်သူမျှမရှိစေရဆိုတဲ့ အကြီးအကဲများ ချမှတ်ထားတဲ့ မူဝါဒကို တိကျစွာလိုက်နာဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒါဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကို ဖော်ဆောင်နိုင်စေဖို့ သန့်စင်တဲ့အုပ်ချုပ်မှု (Clean Governance)ဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သော အခြေခံကောင်းများကို တည်ဆောက်နေခြင်းလို့ ဆိုရမှာလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ ဒီအချိန်မှာ ပြည်တွင်းပြည်ပက ဆန့်ကျင်ဘက်အင်အားစုများနဲ့ ပြည်ပမီဒီယာများတို့ရဲ့ အဆင်ခြင်ကင်းမဲ့စွာစွပ်စွဲချက်များဟာ အနာဂတ် နိုင်ငံတော်ကြီးအတွက် နိုင်ငံတော်အစိုးရရဲ့စိတ်ကောင်းနှလုံးကောင်းနဲ့ယှဉ်ပြီး ကြိုးပမ်းဆောင်ရွက်နေမှုများနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆိုသလို လုံးဝဆက်စပ်မှုမရှိတဲ့အချက်များသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ။



# ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်လိုက်ပါလျက် နိုဝင်ဘာ ၂၇ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့နယ် ပီကင်းကောခူကျေးရွာ မူကြိုကျောင်း၌ကျင်းပသည့် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားကို တက်ရောက် အမှာစကားပြောကြားပြီး ကျောင်းဆက်လက်ဆောက်လုပ်ရန်အတွက် လိုအပ်သော အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းသည်။**



ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့နယ် ကယန်းသာယာ(မြောက်) ကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့် ဒေါစာဆီကျေးရွာအခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိ၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် လိုအပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### ရေစက်ချအမှုပေးဝေ

ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ် ဥက္ကဋ္ဌတို့သည် နိုဝင်ဘာ၂၈ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဓမ္မာရုံရပ်ကွက် မြို့လယ်ဓမ္မာရုံ ခေတ်မီသံဒိုင်း၊ အလူမီနီယမ်ဇင့်အမိုး Steel Structureစတ်ဆင်ခြင်းမင်္ဂလာအခမ်းအနားသို့တက်ရောက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေ ကျပ် ၁၃၁ သိန်း ပေးအပ်လှူဒါန်းပြီး ရေစက်သွန်းချအမှုပေးဝေသည်။

ဆက်လက်ပြီး ဗဟို အလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အစိုးရနည်းပညာကောလိပ် (လွိုင်ကော်) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ရောက်ရှိရာ လိုအပ်သည်များကို မှာကြားပြီး ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

### အဆိုပြုလွှာပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒီမောဆိုမြို့နယ် ယူဆမိုဆိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခန်းမအတွင်း တိုးချဲ့ ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပရာ ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် ပြည်နယ်ပညာရေးမှူးဦးဝင်းတင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေကျပ် ၁၇သိန်း ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိပြီး နိုင်ငံတော်မှ ခွင့်ပြုသော ငွေအပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်ဆောက်လုပ်ကာ စုစုပေါင်း ငွေကျပ် ၇၈သိန်း ကုန်ကျသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒီမောဆိုမြို့နယ် လွိုင်နန်းဖ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက်အားပေး၍ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ဗဟို အလုပ်အမှုဆောင်**(အပေါ်ပုံ)**က ကျောင်းအတွက် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဟောင်းနှင့် အဖြေစုံစာအုပ်များ၊ ပြည်နယ်ဥက္ကဋ္ဌက ခဲတံ ၂၄ ဒါဇင်နှင့် ဗလာစာအုပ် ဒါဇင် ၁၀၀၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်က ကျောင်းသုံး ဗလာစာအုပ်များနှင့် အလှူရှင်များက အလှူငွေကျပ်၁၈သိန်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Multimedia နှင့် Language Lab တို့ဖြင့် သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ကျောင်းဆောင်သည် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိကာ နိုင်ငံတော်က ထောက်ပံ့ငွေ အပါအဝင် ငွေကျပ် ၇၁သိန်း ကုန်ကျခဲ့သည်။

### အကောင်အထည်ဖော်ဆောင်ရွက်

ဗဟိုအလုပ်အမှုဆောင်သည် ညပိုင်းတွင် လွိုင်ကော်မြို့ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံရာ ဗဟိုအလုပ်အမှုဆောင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် ပြောကြားသော နာယကကြီး၏ သြဝါဒ၊ ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့၏ အမှာစကားများကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆိုတိုင်ကြားနိုင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့်လည်း ရန်ကုန်မြို့နေ ပြည်သူလူထု၏အကျိုးကို ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် အစဉ်တစိုက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ရန်ကုန်မြို့နေ ပြည်သူလူထု အနေဖြင့် စည်ပင်သာယာလုပ်ငန်းများနှင့်ပတ်သက်၍ အခက်အခဲများ ရှိလျှင်သော်လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်ကိုအလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ကြုံတွေ့ရလျှင်သော်လည်းကောင်း၊ ပြည်သူလူထု ကိုယ်တိုင် ဖော်ပြပါ တယ်လီဖုန်း ၀၁–၃၇၁၉၅၀နှင့် ၀၁–၂၄၉၀၄၅တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

# ဒစ်ဂျစ်တယ်ကင်မရာရိုက်ကူးရေး သင်တန်းဖွင့်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဒစ်ဂျစ်တယ်ကင်မရာရိုက်ကူးရေးသင်တန်း(၁/၂၀၀၆)ဖွင့်ပွဲကို နိုဝင်ဘာ ၂၇ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်**(အောက်ဝဲပုံ)** တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းသည် လုပ်ငန်းခွင် ကျွမ်းကျင်မှုစွမ်းရည်မြှင့်တင်ရေးသင်တန်းဖြစ်ပြီး Photo Shopအပါအဝင် ခေတ်မီဓာတ်ပုံပညာရပ်များကို မြန်မာနိုင်ငံဓာတ်ပုံအသင်းမှ ပညာရှင်ကြီးများပါ လာရောက်ပို့ချသည်။ ယင်းသင်တန်းသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ဓာတ်ပုံကျွမ်းကျင် ဝန်ထမ်း ၁၀ဦးတို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# NLD ပါတီ၏လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ မိုးညှင်းမြို့နယ် NLD ပါတီဝင် ၂၀ စုပေါင်းနုတ်ထွက်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အရှေ့စုရပ်ကွက်မှ ဦးထွန်းရီအပါအဝင် ပါတီဝင် ၁၄ဦး၊ ဇီးကုန်းကျေးရွာမှ ဦးသောင်းဖေအပါအဝင် ပါတီဝင်ခြောက်ဦး စုစုပေါင်း ပါတီဝင် ၂၀တို့သည် အောက်တိုဘာ၉ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မိုးညှင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်ခြင်းမရှိဘဲ ပါတီနှင့်လူပုဂ္ဂိုလ်ရေးကိုသာ ဦးစားပေးရှေ့တန်းတင်လျက်ရှိကြောင်း၊ ထို့ကြောင့် NLD ပါတီ၏ လုပ်ရပ်များအပေါ် စိတ်ဝင်စားမှုမရှိ၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# မီးလောင်မှုကြောင့် နှစ်စဉ် အသက်၊ အိုးအိမ်၊ စည်းစိမ်များဆုံးရှုံး မြို့ပြလူနေမှုစနစ် မီးလောင်ရာမှ မီးခိုးအကြောင်းသိရှိရန်လိုအပ် မီးဘေးအန္တရာယ်ကာကွယ်ရေး စဉ်ဆက်မပြတ်ဂရုစိုက်ဆောင်ရွက်

**တွေ့ဆုံမေးမြန်းသူ - မြင့်မောင်စိုး**
**ဓာတ်ပုံမှတ်တမ်း - မီးသတ်ဦးစီးဌာန**

**ရန်ကုန် နိုဝင်ဘာ ၃၀**

ယခုအခါ ခြောက်သွေ့ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ ဖြစ်သည်။ ခြောက်သွေ့လာသည်နှင့်အမျှ မီးလောင်မှုဖြစ်ပွားနိုင်ခြေများလည်း ဝန်းကျင်အသီးသီးတွင်ဖြစ်ပေါ်နေသည်။

ဤသို့မီးလောင်မှုဖြစ်ပွားနိုင်သည့် ရာသီဥတုပြောင်းလဲလာသည်နှင့်အညီ လူတိုင်းလူတိုင်းသည် မီးကိုဂရုစိုက် သုံးစွဲကြရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ထားကြရန် လိုအပ်လာပေသည်။



**မီးသတ်ဦးစီးဌာန ရုံးချုပ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက မြန်မာ့အလင်း၏ တွေ့ဆုံမေးမြန်းမှုကို ဤသို့ဖြေကြားပေးခဲ့သည်။**
(ဓာတ်ပုံမှတ်တမ်း-မီးသတ်ဦးစီး)

နှစ်စဉ်မီးလောင်မှုများ ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူတို့ အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးနစ်နာမှုများ ရှိသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ငွေကျပ်သန်းပေါင်းများစွာ ဆုံးရှုံးနေရသည်။

ထိုသို့မီးလောင်နိုင်သည့် ဝန်းကျင်၊ ရာသီဥတုပြောင်းလဲလာပြီဖြစ်၍ မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း၌လည်း မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သတိပေးမှုများ ဆော်ဩလျက်ရှိသကဲ့သို့ သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့ကလည်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးနှိုးဆော်မှုများ ရေးသားထုတ်လွှင့်ပေးလျက်ရှိသည်။

ထိုသို့မီးဘေးအန္တရာယ်များ နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသဖြင့် ပြည်သူအများ မီးဘေးအန္တရာယ်သတိမူရေးအတွက် မီးသတ်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်နှင့် အခြေအနေများကို တင်ပြနိုင်ရန် မြန်မာ့အလင်းက မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) သို့ သွားရောက်တွေ့ဆုံခဲ့သည်။

ရှေးဦးစွာမီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ လေ့ကျင့်ရေးဌာနစုတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းကပြောကြားရာတွင် ယခုအခါ မြို့ပြများတိုးတက်လာခြင်းနှင့်အတူ မြို့ပြများ၏ လူနေမှုစနစ်နှင့် မီးလောင်မှု ပုံစံများမှာလည်း ပြောင်းလဲလာကြောင်း၊ အထူးသဖြင့် တိုက်ခန်းနှင့် နေထိုင်သူများသည် မီးလောင်မှုကြောင့် ဖြစ်ရသည့် မီးခိုးအန္တရာယ်ကို သိရှိထားရန် လိုအပ်ကြောင်း၊ မီးခိုးတွင် ပါဝင်သော ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့ဒ်ဆိုက်စသည့် ဓာတ်ငွေ့များ ရှူရှိုက်မိပါက အသက်ဆုံးရှုံးနိုင်ကြောင်းပြောကြားသည်။

တိုက်ခန်း၌ နေထိုင်သူများသည် အများအားဖြင့် ညဘက်တွင် တံခါးများ လုံခြုံစွာပိတ်၍ အိပ်တတ်ကြောင်း၊ အိပ်ပျော်နေစဉ်အတွင်း ခြင်ဆေးခွေမှ သော်လည်းကောင်း၊ ဖယောင်းတိုင်မီးလဲကျ၍သော်ကောင်း၊ လျှပ်စစ်ဝိုင်ယာ ရှော့ဖြစ်ရာမှလည်းကောင်း၊ အခြားသော တစ်နည်းနည်းဖြင့်သော် လည်းကောင်း မမျှော်လင့်ဘဲ မီးလောင်မှုဖြစ်ပွားတတ်ကြောင်း၊ ထို့သို့ မီးလောင်မှု မကြီးထွားမီ မွေ့ရာ၊ ဆိုဖာ၊ ကော်ဇော၊ ပလတ်စတစ်၊ ပရိဘောဂစသည့် ပစ္စည်းများကို တငွေ့ငွေ့လောင်ကျွမ်းရာမှ ထွက်ပေါ်လာသည့် မီးခိုးများသည် အပြင်သို့ မထွက်နိုင်ဘဲ အိပ်ခန်းအတွင်း အိပ်ပျော်နေသူများ ဦးစွာရှူရှိုက်ရသဖြင့် မိနစ်ပိုင်းအတွင်း အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း ဦးကျော်မင်းက ဆက်လက်ရှင်းပြသည်။

ထိုသို့မီးလောင်မှုများ ဖြစ်ခဲ့ရသည့် ဖြစ်ရပ်မှန်အချို့ကို တင်ပြရလျှင် မန္တလေးမြို့ ကဥ္စဏမဟီရပ်ကွက်၌ မီးအားမြင့်စက်မှ မီးစတင်လောင်ရာ မီးခိုးမွှန်၍ သေဆုံးသူမိသားစုဝင် ကိုးဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက်၌ ခြင်ဆေးခွေမှ မွေ့ရာကို ကူးစက်မီးလောင်ခဲ့ရာ မီးခိုးမွှန်ပြီး သေဆုံးသူခြောက်ဦး၊ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၁၈)လမ်း၌ အိမ်ခန်းအတွင်း နှိုးထားသော မီးစက်မှ ထွက်လာသည့် မီးခိုးများကြောင့် သေဆုံးသူသုံးဦးရှိခဲ့ကြောင်း၊ အလားတူဖြစ်ရပ်များစွာလည်း ဖြစ်ပွားခဲ့ဖူးကြောင်း ၎င်းက ပြောကြားသည်။

တိုက်ခန်းနှင့်နေထိုင်သူများ အထက်ပါဖြစ်ရပ်မီးလောင်မှုများနှင့် ကြုံတွေ့ရပါက အောက်ပါနည်းလမ်းများအတိုင်း ဆောင်ရွက်ရပေမည်။

၁။ စိတ်ကို တည်ငြိမ်စွာထား၍ ကြမ်းပြင်သို့ လျင်မြန်စွာ မှောက်ချလိုက်ပါ။ (မီးခိုးသည် လေထက်ပေါ့သဖြင့် အခန်း၏ အပေါ်ပိုင်း၌ ဦးစွာတည်ရှိနေသောကြောင့် ကြမ်းပြင်တွင် မီးခိုးလျော့ပါးကာ အသက်ရှူနိုင်မည့် အခွင့်အလမ်း အများဆုံးရှိမည်။ ထိုအချိန်တွင် မတ်တပ်ရပ်၍ သွားလာခြင်းမပြုရန် သတိပြုပါ။)

၂။ မိသားစုဝင် အားလုံးကို အရေးပေါ်ဖြစ်နေကြောင်းနှင့် ကြမ်းပြင်သို့ မှောက်ချရန် အော်ဟစ်သတိပေး အကြောင်းကြားပါ။ အားလုံး သိရှိထွက်ခွာမည့်အကြောင်းကို အသံဖြင့်အသိပေးပါ။ (ယင်းအခြေအနေမျိုးတွင် မည်သည့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ သွားရောက်ယူခြင်း မပြုပါနှင့်။ သွားရောက်ယူမိ၍ အသက်ရှူကျပ်၍ လမ်းခုလတ်တွင် လဲကျသေဆုံးနိုင်ပါသည်။ ထိုအချိန်တွင် အသက်ရှင် လွတ်မြောက်ရေးသည်သာ အရေးကြီးဆုံးဖြစ်သည်။)



**လသာမြို့နယ် (၂၂)လမ်း မီးလောင်မှုတွင် မီးသတ် တပ်ဖွဲ့ဝင်များက မီးခိုးစုပ်ကိရိယာသုံး၍ အိမ်ခန်းအတွင်းမှ မီးခိုးများ စုပ်ထုတ်ယူနေကြသည်ကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း-မီးသတ်ဦးစီး)

၃။ ကြမ်းပြင်ပေါ်တွင် လေးဘက်ထောက် သို့မဟုတ် မိကျောင်းတက် အနေအထားဖြင့် တံခါးဆီသို့ အမြန်ဆုံးသွားကာ တံခါးဖွင့်ပြီး အပြင်သို့ ထွက်လိုက်ပါ။ လူအားလုံး အပြင်သို့ရောက်လျှင် တံခါးပြန်ပိတ်ပါ။ (တံခါးဖွင့်ထားခဲ့လျှင် ပြင်ပမှ အောက်စီဂျင်များ အခန်းအတွင်းသို့ဝင်ရောက်သွားပြီး မီးလောင်မှု ပိုမိုမြန်ဆန် ကြီးမားလာနိုင်သည်။)

၄။ တစ်ဆက်တည်း၌ပင် ဘေးကင်းရာနေရာသို့ အမြန်ဆုံးထွက်ခွာရင်း ပတ်ဝန်းကျင်လူများ သိရှိအောင် အော်ဟစ်သတိပေးပါ။ မီးသတ်တပ်ဖွဲ့သို့ အမြန်ဆုံး အကြောင်းကြားပါ။

ထိုသို့ မီးလောင်မှုများ မဖြစ်ပွားမီ ကြိုတင်ကာကွယ်မှုအပိုင်းကိုလည်း အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ မိမိအခန်းအတွင်း မီးခိုးမခိုအောင်းစေရေးအတွက် မျက်နှာကြက်အနီး နံရံတွင် လေဝင် လေထွက် ပေါက်များ ပြုလုပ်ထားရပါမည်။

၂။ ပြတင်းပေါက်များ၊ တံခါးများ၊ ဝရန်တာများ၊ သံပန်း၊သံဆန်ခါ၊ သံတိုင်များ အသေတပ်ဆင်ထားခြင်း လုံးဝမပြုလုပ်ရ။

၃။ အရေးပေါ်မီးသတ်လှေကား (Fire Escape) အသင့်တပ်ဆင်ထားရှိရမည်။

၄။ ကွန်ဒိုမီနီယံနှင့် အထပ်မြင့်အဆောက်အအုံများတွင် ပင်မလှေကားခန်းကို မီးခိုးမဝင်နိုင်သည့်(Smoke stop Lobby)ဖြစ်အောင်ပြုလုပ်ထားရပါမည်။ လှေကားခန်းနံရံ (Stair wall) များသည် အနည်းဆုံး မီးဒဏ် တစ်နာရီ ခံနိုင်ရန် ရှိရပါမည်။ လှေကားခန်း (Stair way door) များကို အနည်းဆုံးမိနစ် ၃၀ခံနိုင်ပြီး အတွင်းဖွင့်စနစ်ဖြင့် အလိုအလျောက် ပြန်ပိတ်နိုင်သည့် ကိရိယာ(Self Clossing Device) တပ်ဆင်ပြုလုပ်ထားရမည်။ လှေကားခန်း အထပ်တိုင်း၏ မျက်နှာကြက်တိုင်းတွင် အနည်းဆုံး သုံးပေပတ်လည်ရှိသော လေဝင်လေထွက်ပေါက် ဖောက်လုပ်ထားရမည်။ ထို့အပြင် မီးလှန့်အချက်ပေးကိရိယာ၊ ရေအသင့်ပက်နိုင်သော ရေပိုက်ခေါင်းနှင့် မီးသတ်တပ်ဖွဲ့မှ အသင့်အသုံးပြုနိုင်မည့် မတ်ရပ်ရေပိုက်စနစ်၊ အရေးပေါ်ထွက်ပေါက်များ ထားရှိရမည်။ ထို့အပြင် အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ ဆောင်ထားရမည်ဖြစ်သည်။

မီးလောင်ခံရသည့် အကြောင်းအရင်းများကို ခြုံငုံကြည့်လျှင် မီးဖိုမီး၊ ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီးနှင့် တောမီး စသည်ဖြင့် တွေ့ရသည်။ ယင်းတို့ထဲမှ မီးဖိုမီး၊ ပေါ့ဆမီးနှင့် လျှပ်စစ်မီးတို့မှာ လောင်ကျွမ်းမှု အများဆုံးဖြစ်သည်ကို သိရသည်။

ယမန်နှစ်က မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မီးလောင်မှုအကြိမ်ပေါင်း ၈၃၅ မှု ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၄၈၆၈ အိမ်၊ စက်ရုံ ၂၂ရုံ၊ ဂိုဒေါင် ၄၀ မီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ယင်းတို့နှင့် မီးလောင်မှုကြောင့် သေဆုံးသူ ၂၀ ရှိပြီး၊ ဒဏ်ရာရသူ ၅၈ ဦးရှိကာ မီးဘေးဒုက္ခသည် ၁၈၁၉၁ ဦး ရှိသည်။ ဆုံးရှုံးမှု တန်ဖိုးငွေအားဖြင့် ခန့်မှန်းခြေငွေ ၂၀၀၀၅၄၃၀၆၇ ကျပ် ရှိသည်။ ယခုနှစ် ၂၀၀၆ ခု ဇန်နဝါရီလမှ စက်တင်ဘာလအထိ မီးလောင်မှုအကြိမ် ၆၄၂ ကြိမ်ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၂၁၁၆လုံး၊ စက်ရုံအလုပ်ရုံ ၁၅ရုံ၊ ဂိုဒေါင် ရှစ်လုံး၊ သေဆုံးသူ ၂၃ဦး၊ ဒဏ်ရာရသူ ၂၅ဦးရှိပြီး မီးဘေးဒုက္ခသည် ၇၂၁၂ဦးရှိကြောင်း မီးသတ်ဦးစီးဌာနမှ စာရင်းဇယားများအရ သိရသည်။ ယင်းမီးလောင်မှုမှာ ငွေကျပ်တန်ဖိုး ၅၇၁၃၇၆၂၀၅ကျပ် ဆုံးရှုံးခဲ့ရသည်။

ယခုနှစ် အောက်တိုဘာလတွင် မီးလောင်မှုများ ဆက်တိုက် ဖြစ်ပွားခဲ့ရာ တစ်ပြည်လုံးတွင် (၂၉)ကြိမ်ရှိရာမှ ရန်ကုန်မြို့၌ မီးလောင်မှု(၂၅)ကြိမ် ဖြစ်ခဲ့ကြောင်း ၎င်းစာရင်းဇယားများတွင် ဖော်ပြထားသည်။

ထိုသို့မီးလောင်မှုကြောင့် ဆုံးရှုံးမှုများ မဖြစ်ရလေအောင် မြို့ပြနေ ပြည်သူများအနေဖြင့် အထက်ဖော်ပြပါ မီးဘေးကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည် ဖြစ်သကဲ့သို့ ရပ်ကွက်နှင့်ကျေးရွာများတွင် နေထိုင်သောပြည်သူများအနေဖြင့်လည်း မိမိတို့အိမ်၌ မီးချိတ်၊ မီးကတ်၊ သဲအိတ်၊ ရေအိုးများ အသင့်ထားရှိကာ အိမ်ဝန်းကျင်တွင် မီးလောင်မှု ဖြစ်ပွားနိုင်သည့် အမှိုက်သရိုက်များ ကင်းရှင်းအောင် သန့်ရှင်းထားရမည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းသည် မီးဘေးအန္တရာယ် ကာကွယ်ရေး သတိရှိပြီး ပေါ့ဆမှုများ မဖြစ်ပွားအောင် အမြဲဂရုစိုက် ဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ကျောက်တံတားမြို့နယ် လမ်း ၄၀ မီးလောင်မှုတွင် မီးခိုးစုပ်ကိရိယာဖြင့် မီးခိုးများစုပ်ထုတ်ယူနေသည်ကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း-မီးသတ်ဦးစီး)

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ



ရန်ကုန် နိုဝင်ဘာ ၃၀

**အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ခြောက်ဦးအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြသည်။**

## တက်ရောက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသား အဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို (ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ *စာမျက်နှာ ၄ ကော်လံ ၁* ❐



အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

# ပြည်တွင်းပြည်ပဆန့်ကျင်ဘက် အင်အားစုများနှင့် ပြည်ပမီဒီယာများ၏ အဆင်ခြင်ကင်းမဲ့စွာ စွပ်စွဲချက်များ အနာဂတ်နိုင်ငံတော်ကြီးအတွက် နိုင်ငံတော်အစိုးရ၏ စိတ်နှလုံးကောင်းကောင်းနှင့်ယှဉ်ပြီး ကြိုးပမ်းဆောင်ရွက်မှုများနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဆိုသလို လုံးဝဆက်စပ်မှုမရှိ

## အကျဉ်းသားများအပေါ် အခြေအနေအချိန်အခါနှင့်ညီညွတ်မှုရှိသည့် အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရသင့်သည့်အခွင့်အရေးများ အပြည့်အဝပေးပြီး စည်းကမ်းနှင့်အညီ ထိန်းသိမ်းအုပ်ချုပ်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၃၀

**နိုဝင်ဘာ ၂၉ ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ကျင်းပသည့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအခြေအနေနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

ကျွန်တော်တို့နိုင်ငံအပေါ် မမှန်မကန် စွပ်စွဲချက်ကိစ္စတွေကို တင်ပြရင်း အလျဉ်းသင့်လို့ တစ်ဆက်တည်းမှာ ဒီကနေ့သတင်းမီဒီယာတွေက မမှန်မကန် စွပ်စွဲပြောဆိုမှုတွေ အများအပြားခံနေရတဲ့ မြန်မာနိုင်ငံရဲ့ အကျဉ်းထောင်များအခြေအနေကိုလည်း အကျဉ်းချုံးတင်ပြလိုပါတယ်။

အကျဉ်းထောင်များနဲ့ ပတ်သက်ပြီး စည်းလွတ်ကမ်းလွတ် ကြောင်းကျိုးမဲ့ သားပုပ်လေလွင့် စွပ်စွဲနေကြသူများအနက် AAPP (Assistance Association for Political Prisoners) လို့ခေါ်တဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းနဲ့ ပြည်ပအသံလွှင့်ဌာနအချို့က စွပ်စွဲပြောဆိုမှုတွေ များစွာထဲက အချို့ကို ထုတ်နုတ်တင်ပြရရင်-

- ၂၃-၆-၂၀၀၆နေ့ DVB ရဲ့အသံလွှင့်ချက်မှာ အင်းစိန်ထောင်အတွင်းမှာ ဝမ်းကိုက်ရောဂါဖြစ်ပွားပျံ့နှံ့နေပြီး အကျဉ်းသားများအခြေအနေ စိုးရိမ်နေရကြောင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ●

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ယခုထပ်မံပေးပို့သော စာမျက်နှာ ၂၀ ကိုသာ သုံးရန်**